# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပြာသိုလဆန်း (၁၁) ရက် ၊ တနင်္ဂနွေနေ့ ၊ (21-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၆၆)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်မြို့မိမြို့ဖများကို သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်လေဆိပ်သို့ရောက်ရှိကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**ပုသိမ်လေယာဉ်ကွင်းအဆင့်မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ**

ထို့နောက် လေဆိပ်ဧည့်ခန်းမဆောင်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်သမိုင်းအကျဉ်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**









**Sky Cable Car**ကိုဖွင့်လှစ်ပြီးဖြစ်တဲ့အတွက် **Sky Cable Car** စီးနင်းရင်း ပြင်ဦးလွင် ပန်းမြို့တော် ၏ သဘာဝပတ်ဝန်းကျင်အလှများကို ကြည့်ရှုခံစားနိုင်ပြီဖြစ်ပါသည်။

**ပွဲကောက်ရေတံခွန် (B.E.FALLS) အပန်းဖြေစခန်း**

ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာမြေအကျိုးအတွက် စွမ်းအင်ချွေတာ

ပြည်သူများ နေ့စဉ်ကုန်ကျစရိတ်များသက်သာလျော့နည်းစေရန် နေ့စဉ်မဖြစ်မနေသုံးစွဲနေရသော လျှပ်စစ်မီးနှင့် သောက်သုံးရေကိုစနစ်တကျသုံးစွဲခြင်း၊ ပြောင်းလဲပြင်ဆင်အသုံးပြုခြင်း၊ ခြိုးခြံချွေတာသုံးစွဲခြင်းတို့ဖြင့် မိမိတို့ဘဝတွင် ကောင်းကျိုးများတိုးပွားလာနိုင်သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာမြေစိမ်းလန်းစိုပြည်ရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်ပါသည်။

ပြည်သူတစ်ဦးချင်းစီ၏ နေ့စဉ်ဘဝတွင် အလုပ်အကိုင်များမှစားဝတ်နေရေးအတွက် ဝင်ငွေများရရှိမည်ဖြစ်ရာ ဝင်ငွေများပြီး ထွက်ငွေနည်းပါက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ပြည်သူတို့ဘဝဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူအပေါင်းစုစည်းထားသည့် နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ နေ့စဉ်ဘဝတွင် လျှော့သင့်သည်ကိုလျှော့၊ ချွေတာသင့်သည်များကို ချွေတာခြင်းကို ယခုနှစ်ဦးနှစ်စအချိန်ကစ၍ စိန်ခေါ်မှုတစ်ခုအဖြစ်ရှုမြင်ပြီး စိန်ခေါ်မှုအပေါ် အခွင့်အလမ်းတစ်ခုအဖြစ်ခံယူကာ ရင်ဆိုင်ကြိုးစားအားထုတ်ကြပါက လက်ရှိဘဝထက် တိုးတက်မှုအဆင့်တစ်ခုကို တက်လှမ်းနိုင်မည်ဖြစ်ပါသည်။

နိုင်ငံသားတိုင်း ချွေတာသုံးစွဲသင့်သော အရာများစွာအနက် လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲခြင်းသည် မိမိ မိသားစုငွေကြေးကုန်ကျမှုလျော့နည်းစေသည်သာမက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုအခြေအနေအရ ဝန်အားထိန်းညှိလျှော့ချရမည့်ပမာဏ လျော့နည်းသွားမည်ဖြစ်သည်။ ထို့ပြင် လျှပ်စစ်မီးမရသေးသော ပြည်သူများအတွက်ကိုလည်း လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ခြင်းအစရှိသော ပြည်သူတစ်ရပ်လုံး သာတူညီမျှအကျိုးရရှိစေမည်။ ထို့ပြင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကမ္ဘာမြေနှင့်သဘာဝပတ်ဝန်းကျင်ကို သဘာဝအတိုင်းမဟုတ်စေဘဲ ပြုပြင်ပြောင်းလဲရခြင်းကြောင့် ကမ္ဘာကြီး၏လူသားတို့ဒဏ်ခံရမှုလည်း သက်သာသွားစေနိုင်သည့်အတွက် သဘာဝပတ်ဝန်းကျင်ကို တစ်ဖက်တစ်လမ်းက ထိန်းသိမ်းကာကွယ်ရာရောက်ပါသည်။

နေ့စဉ်ဘဝတွင် လျှပ်စစ်မီးနှင့် သောက်သုံးရေတို့ကို ချွေတာသုံးစွဲသော်လည်း သမားရိုးကျလျှော့ချအသုံးပြုခြင်းများအစား ပြောင်းလဲပြင်ဆင်သုံးစွဲခြင်းများသည်လည်း စနစ်တကျချွေတာသုံးစွဲမှုကို ဖြစ်စေသည်။ တီဗီ၊ မီးလုံး၊ မီးချောင်း၊ ကွန်ပျူတာအစရှိသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါက ပလတ်ဖြုတ်ထားသည်ထိ လုံးဝပိတ်ထားခြင်းသည် သမားရိုးကျချွေတာခြင်းမျိုးဖြစ်သည်။ စွမ်းအင်ချွေတာနိုင်မှု အမှတ်တံဆိပ်ပါ လျှပ်စစ်ပစ္စည်းများ ရွေးချယ်သုံးစွဲခြင်း၊ မိမိတို့နေအိမ်၊ ရုံး၊ စက်ရုံ၊ အလုပ်ရုံများ၌ အသုံးပြုနေသော မီးလုံးမီးချောင်းများ၊ လမ်းမီးများနေရာတွင် စွမ်းအင်ချွေတာနိုင်သော LED မီးသီး၊ မီးချောင်းများ အစားထိုးလဲလှယ်ပြောင်းလဲပြင်ဆင်သုံးစွဲခြင်းတို့သည် ထိရောက်မှုရှိသော ချွေတာခြင်းနည်းလမ်းတစ်မျိုးပင်ဖြစ်ပါသည်။

ကမ္ဘာမြေပေါ်မှ လူသားအားလုံးသည် သဘာဝပတ်ဝန်းကျင်ကိုအမှီပြု၍ သက်ရှင်ရပ်တည်နေရခြင်းဖြစ်သည်။ ထို့အတွက် ကမ္ဘာမြေနှင့် သဘာဝပတ်ဝန်းကျင်မဖောက်ပြန်၊ မပျက်စီးမှသာ ကမ္ဘာမြေပေါ်မှသက်ရှိများ ကျန်းမာချမ်းသာစွာနေနိုင်မည်ဖြစ်ပါသည်။ သက်ရှိများကျန်းမာချမ်းသာစေရန် ကမ္ဘာမြေသည်လည်း ကျန်းမာစိမ်းလန်းစိုပြည်နေရမည်ဖြစ်ပါသည်။ ကမ္ဘာမြေစိမ်းလန်းစိုပြည်စေရန် ကမ္ဘာ့လူသားတိုင်းက ကမ္ဘာမြေထံမှစွမ်းအင်များကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်းမပြုဘဲ အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲခြင်း၊ ရေရှည်အကျိုးကို ဆင်ခြင်၍ ပြောင်းလဲပြင်ဆင်သုံးစွဲခြင်း၊ ခြိုးခြံချွေတာသုံးစွဲခြင်းတို့ကို စုပေါင်းညီညွတ်စွာဆောင်ရွက်နိုင်ပါက ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှု၏နောက်ဆက်တွဲဆိုးကျိုး၊ ငွေကုန်ကြေးကျများပြားမှုအကျိုးကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၇၁၀၄၉ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေလာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးမြော်သူတွေနဲ့ မန္တလေးတောင်ပေါ်မှာ စည်ကားနေပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေ စီစဉ်ထားပါတယ်။ စောင်းတန်းကနေ တက်ရောက် ဖူးမြော်သူတွေအနေနဲ့ မန္တလေးတောင်ပေါ်က ဘုရားတွေကို စုံလင်စွာဖူးမြော်နိုင်ပါတယ်။ ကား၊ ဆိုင်ကယ်တွေနဲ့ တက်ရောက်ဖူးမြော်သူတွေအတွက်လဲ လမ်းတွေကို ပြုပြင်ခင်းကျင်းပေးထားပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေနဲ့ စားသောက်ဆိုင်တွေမှာလဲ ဝယ်ယူစားသောက်နေသူတွေနဲ့ စည်ကားနေပါတယ်" ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၁၂၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၆၈၂၇၁ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၆၅၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေး ဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း ဇန်နဝါရီလဒုတိယပတ်မှစ၍ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို အဝယ်လိုက်လျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံကလည်း ကြက်သွန်နီများကို ဝယ်ယူမှုများပြားသဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ မြင်းခြံဘက်က ထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ ပြည်တွင်းဈေးကွက်ထဲမှာလဲ မြင်းခြံဘက်က ထွက်တဲ့ ကြက်သွန်နီတွေ အခုတစ်လော အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇန်နဝါရီ ၁၉ ရက် ပေါက်ဈေးအရ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲ အဝင်များတဲ့အထဲမှာ မုံရွာ၊ မြစ်သားနဲ့ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲပါပါတယ်။ အဲဒီကြက်သွန်နီတွေလဲ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သမဝါယမအသင်းပိုင်လယ်ယာမြေ၌ သီးနှံစိုက်ပျိုးမည့်တောင်သူများကို သွင်းအားစုများနှင့် ချေးငွေများထုတ်ချေးမည်

**မန္တလေး ဇန်နဝါရီ ၂၀**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သမဝါယမအသင်းပိုင် လယ်ယာမြေ၌ သီးနှံစိုက်ပျိုးသည့် အသင်းသားတောင်သူများကို သွင်းအားစုများနှင့် ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီး မြို့နယ် ၁၀ မြို့နယ်ရှိ သမဝါယမအသင်း ၁၃ သင်း၊ အသင်းသားတောင်သူ ၇၀၄ ဦးတို့က သမဝါယမအသင်းပိုင်မြေဧက ၃၃၉၁ ဒသမ ၃၈ ဧက၌ ရာသီအလိုက်သီးနှံမျိုးစုံကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးသွားမည့် အသင်းသားတောင်သူများကို တိုင်းဒေသကြီးအစိုးရရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ဘဏ္ဍာနှစ်မှာ သမဝါယမအသင်းပိုင်မြေမှာ စိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်သွားမှာပါ။ စိုက်ပျိုးပြီး ထွက်ရှိလာမဲ့ သီးနှံတွေရောင်းချပြီး အမြတ်ငွေတွေကို အသင်းသားတွေကို ခွဲဝေပေးသွားဖို့ ရည်ရွယ်ပါတယ်။ သမဝါယမအသင်းသား၊ အသင်းသူတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာပါ။ စိုက်ပျိုးမဲ့သီးနှံတွေပေါ်မှာ သွင်းအားစုတွေ ပံ့ပိုးပေးသွားမဲ့အပြင် ချေးငွေကိုလဲ ထုတ်ချေးပေးသွားမှာပါ။ အဲဒီငွေကိုတော့ တိုင်းဒေသကြီး အစိုးရရန်ပုံငွေကနေ ချေးပေးသွားမှာပါ။ သွင်းအားစုအနေနဲ့ကတော့ တစ်ဧကကို ဓာတ်မြေဩဇာတစ်အိတ်နဲ့ သဘာဝမြေဩဇာတစ်အိတ် ပံ့ပိုးပေးသွားမှာပါ။ ချေးငွေကတော့ တစ်ဧကကို ငွေကျပ် ၂၀၀၀၀၀ ထုတ်ချေးပေးမှာပါ"ဟု ဦးလှိုင်မိုးက ပြောပြသည်။

အဆိုပါ အသင်းပိုင်မြေ၌ သီးနှံမျိုးစုံစိုက်ပျိုးသွားမည့် မြို့နယ်များမှာ ပုသိမ်ကြီးမြို့နယ်တွင် ပဲစင်းငုံ၊ မတ္တရာမြို့နယ်တွင် စပါး၊ ကျောက်ဆည်မြို့နယ်တွင် နှမ်း၊ စဉ့်ကိုင်မြို့နယ်တွင် ကုလားပဲ၊ ဝါ၊ ပဲစင်းငုံ၊ မြစ်သားမြို့နယ်တွင် ကြက်သွန်၊ သာစည်မြို့နယ်တွင် နှမ်း၊ ဝမ်းတွင်းမြို့နယ်တွင် စပါး၊ တောင်သာမြို့နယ်တွင် ကြက်သွန်၊ ရမည်းသင်းမြို့နယ်တွင် စပါး၊ မလှိုင်မြို့နယ်တွင် နှမ်းတို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ ဒီဇင်ဘာလအတွင်း မွေးမြူရေးအသားစားကြက် ပိဿာချိန် ၂၇၀၀၀၀ တင်ပို့ရောင်းချခဲ့ရ

**ဘိုကလေး ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ ဒီဇင်ဘာလအတွင်း မွေးမြူရေးအသားစားကြက် ပိဿာချိန် ၂၇၀၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလက မွေးမြူရေးအသားစားကြက် ပိဿာချိန် ၁၉၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ မွေးမြူရေးအသားစားကြက် ပိဿာချိန် ၂၇၀၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါမြို့နယ်မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဒေသထွက် မွေးမြူရေးအသားစားကြက်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့ကနေ ရန်ကုန်ကို မွေးမြူရေးအသားစားကြက်တွေ အကောင်လိုက် ပိဿာချိန်နဲ့ တင်ပို့ရောင်းချနေတာပါ။ ဒီလို တင်ပို့ရောင်းချရာမှာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း မွေးမြူရေးအသားစားကြက် ပိဿာချိန် ၂၇၀၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေးအသားစားကြက်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချပါတယ်"ဟု ဘိုကလေးမြို့နယ်မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် အသားစားကြက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးထိရှိပြီး ထွက်ရှိလာသည့် မွေးမြူရေးအသားစားကြက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မွေးမြူရေးအသားစားကြက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှု မြင့်တက်လာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်မောင်းများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဓိဝိတဒါနသံဃာ့ဆေးရုံကြီး သီလရှင်ဆောင်ကြီးကြပ်ရေးအမျိုးသမီးဆပ်ကော်မတီအဖွဲ့က လစဉ်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးစင်မောင်၊ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတဓရဦးဖိုးလင်းနှင့်တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၅၃၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၅၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၆၂၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၅၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်း ၉၆၂၁ ဧက စိုက်ပျိုးဖို့လျာထားတာ ၉၅၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၄၅၂ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၅၆၂ ဧက၊ အရာတော်မြို့နယ်တွင် ၄၁၈၉ ဧက၊ ချောင်းဦးမြို့နယ်တွင် ၂၃၃၅ ဧက စုစုပေါင်း ၉၅၃၈ ဧက ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မိုင်းတုံမြို့နယ် ပါခါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းတုံ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပါခါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက ပါခါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ပြည်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပါခါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူများကို ဆဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၇၇ သန်းထိ ထုတ်ချေးနိုင်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်ထံမှ သိရသည်။ **ရှိုသန်းညွန့်**

# တောင်တွင်းကြီးမြို့နယ် ကျွဲဖြူကန်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲဖြူကန်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျက်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျွဲဖြူကန်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျွဲဖြူကန်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၃ ဦးကို ငွေကျပ်သိန်း ၃၉၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃၄ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ်ခြောက်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို ဒသမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**



# ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအတွက် တိုးတက်ရမည့် SMEs များ၏ ကုန်ထုတ်စွမ်းအား

ဈေးကွက်တစ်ခုတွင် ဝယ်နိုင်သည့်စွမ်းအား မြင့်တက်သည်နှင့်အမျှ ငွေကြေးသုံးစွဲမှုမြင့်တက်လာပြီး ကုန်ထုတ်လုပ်မှုသည်လည်း တိုးတက်လာကာ လုပ်ငန်းလုပ်ကိုင်သူတိုင်း ဝင်ငွေတိုးတက်လာမည်ဖြစ်သည်။ ထိုသို့ တိုးတက်လာသည်နှင့်အမျှ စက်ဝန်းသည် တစ်ဖန်ပြန်၍လည်ပတ်ကာ ဝယ်နိုင်သည့်စွမ်းအား ထပ်မံမြင့်တက်လာမည်ဖြစ်သည်။ ထိုအခါ ဝယ်လိုအား မြင့်သည့်ကုန်ပစ္စည်းများသည် ဈေးနှုန်းမြင့်တက်လာမည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုလည်း မြင့်တက်လာမည်ဖြစ်သည်။

ထို့ကြောင့် ကုန်ထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်နိုင်မှုစွမ်းအားသည် ကုန်ပစ္စည်းများ ဈေးနှုန်းတည်ငြိမ်ရေးတွင် အရေးပါသောနေရာ၌ ရှိနေသည်။ ကုန်ထုတ်လုပ်နိုင်မှုစွမ်းအားကို ရုတ်တရက်ဖော်ဆောင်၍ မရနိုင်သော်လည်း အချိန်တစ်ခုယူပြီး မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများက မြန်မာ့စီးပွားရေးတွင် ရှေ့ဆောင်နေသည်ကို တွေ့နိုင်သည်။ မြန်မာနိုင်ငံစီးပွားရေး၏ ၉၀ ရာခိုင်နှုန်းသည် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများဖြစ်ကြသည်။ ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်မှ ကုန်များများထုတ်လုပ်နိုင်ပြီး ကုန်များများထုတ်လုပ်မှသာ ရောင်းစရာကုန်ပေါများလာမည်ဖြစ်သည်။ ထိုကုန်ပစ္စည်းများကို ရောင်းချရာတွင် အဓိကဈေးကွက်မှာ ပြည်တွင်းဈေးကွက်သာဖြစ်သည်။ မြန်မာနိုင်ငံရှိ ခန့်မှန်းလူဦးရေမှာ ၅၆ သန်းကျော်လာပြီဖြစ်သဖြင့် ပြည်တွင်းဈေးကွက်မှာ သေးငယ်လှသည်မဟုတ်ပေ။ အာဆီယံနိုင်ငံများတွင် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံတို့ပြီးလျှင် မြန်မာနိုင်ငံသည် လူဦးရေအများဆုံးဖြစ်သည်။ ထို့ကြောင့် အသေးစားနှင့်အလတ်စား စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများသည် ယခုထက်ပိုမို၍ တိုးတက်ထုတ်လုပ်လာနိုင်ရန် လိုအပ်သည်။

လက်ရှိတွင် ပြည်ပမှ တင်သွင်းနေရသော ကုန်ပစ္စည်းများ အများအပြားရှိနေသေးသည်ကို တွေ့နိုင်သည်။ ထိုထဲမှ ပစ္စည်းအများအပြားမှာ ပြည်တွင်းတွင် ထုတ်လုပ်နိုင်ပြီဖြစ်သော်လည်း ကုန်ထုတ်လုပ်မှုစွမ်းအား နည်းနေသေးသည်ကို တွေ့နေရသည်။ ဥပမာအားဖြင့် ပြည်တွင်းတွင် ဝါစိုက်ပျိုးထုတ်လုပ်မှုလည်းရှိသည်။ ချည်မျှင်စက်ရုံလည်းရှိသည်။ အထည်ရက်လုပ်သောရက်ကန်းစင်များလည်းရှိသည်။ သို့သော် ပြည်ပမှ ချည်များကို တင်သွင်းနေရသေးသည်။ လေ့လာကြည့်သည့်အခါ အဓိကကျသောဆက်ကြောင်းမှာ ချည်မျှင်ထုတ်လုပ်မှုနည်းနေသေးခြင်းနှင့် ကုန်ကျစရိတ်မြင့်မားနေခြင်းကြောင့် ပြည်ပမှ တင်သွင်းလာသောချည်မျှင်များကို မယှဉ်ပြိုင်နိုင်ခြင်းဖြစ်သည်ဟု သိရသည်။ ထိုကဲ့သို့အခြေအနေကို ထိန်းသိမ်းပေးနိုင်ရန် နိုင်ငံတော်အစိုးရက တင်သွင်းမှုများကို ကန့်သတ်ပြီး ပြည်တွင်းလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိအောင် ကူညီပံ့ပိုးနေသည်ကို အခွင့်ကောင်းအဖြစ်ရယူပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုအပ်သည်။

**ကုန်ထုတ်လုပ်မှုစွမ်းအား**

ကုန်ထုတ်လုပ်မှုစွမ်းအားဆိုသည်မှာ အလုပ်မည်မျှလုပ်နိုင်စွမ်းရှိသည်ကို ဖော်ပြခြင်းပင်ဖြစ်သည်။ ကုန်ပစ္စည်းတစ်မျိုးကို အချိန်တစ်ခုအတွင်း ယခင်ကထက် ပိုမိုထုတ်လုပ်လာခြင်းသည် ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်လာသည်ဟုဆိုနိုင်သည်။ ကုန်ထုတ်လုပ်မှုစွမ်းအားဆိုသည်မှာ လူသားအရင်းအမြစ်ဖြစ်သောလုပ်သားများ၏ ကျွမ်းကျင်မှုစွမ်းရည်နှင့်လည်း သက်ဆိုင်သည်။

ကုန်ပစ္စည်းတစ်ခုထုတ်လုပ်မည်ဆိုပါက မကျွမ်းကျင်သောလုပ်သားထက် ကျွမ်းကျင်သောလုပ်သားက အရည်အသွေးကောင်းကောင်းကို လျင်လျင်မြန်မြန်နှင့် အရေအတွက်ပိုမို၍ ထုတ်လုပ်နိုင်မည်မှာ သေချာသည်။ ထို့ကြောင့် လုပ်သားများ၏ ကျွမ်းကျင်မှုသည် အလွန်အရေးပါသည်။ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်လာစေရန်အတွက် အစိတ်အပိုင်းလေးခု လိုအပ်သည်ဟုဆိုသည်။ အဆိုပါအချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

လုပ်ငန်းမဟာဗျူဟာ (Strategy) ကို သေချာစွာ ရေးဆွဲထားနိုင်ရန်လိုအပ်သည်။ လုပ်ငန်းမဟာဗျူဟာဆိုသည်မှာ ကုန်ထုတ်လုပ်ငန်းအတွက် ရေရှည်စီမံကိန်းများကို မှန်ကန်စွာချမှတ်နိုင်သော အရည်အသွေး လိုအပ်သည်။ မည်သည့်လုပ်ငန်းမဆို ရေတို၊ ရေရှည် စီမံကိန်းများ ချမှတ်နိုင်ရမည်ဖြစ်သကဲ့သို့ ချမှတ်ထားသောစီမံကိန်းများကို မှန်မှန်ကန်ကန်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည်။

စူးစိုက်အကောင်အထည်ဖော်နိုင်စွမ်း (Focus) ရှိရန်လိုအပ်သည်။ အလုပ်တစ်ခုကို အချိန်တစ်ခုအတွင်းတွင် အာရုံစူးစိုက်မှုအပြည့်ဖြင့် ဆောင်ရွက်နိုင်စွမ်းဖြစ်သည်။ အလုပ်တစ်ခုအပေါ်တွင် အာရုံစူးစိုက်မှု အပြည့်ဖြင့်လုပ်ကိုင်နိုင်ပါက ထူးချွန်သူတစ်ဦး၊ ထူးချွန်သောလုပ်ငန်းရှင်တစ်ဦး ဖြစ်လာနိုင်သည်။ ထိုသူ၏ ကုန်ထုတ်လုပ်မှုမှာ အခြားသူများထက်များစွာ ပိုမိုမည်မှာ သေချာနေသည်။ ကျွမ်းကျင်သူချင်း ယှဉ်လျှင်ပင် အာရုံစူးစိုက်မှုအပြည့်ရှိသူက လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု ပိုမိုကောင်းမွန်မည်မှာ သေချာသည်။ တစ်နည်းပြောရလျှင် အာရုံစူးစိုက်မှုအပြည့်ဖြင့် ဆောင်ရွက်လျှင် ကုန်ထုတ်စွမ်းအား ပိုမိုကောင်းမွန်မည်ဖြစ်သည်။

❖ နိုင်ငံ၏ ကုန်ဈေးနှုန်းတည်ငြိမ်ရေးသည် ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် တိုက်ရိုက်အချိုးကျနေသည်ဟု ဆိုနိုင်သည်။ ကုန်ထုတ်လုပ်မှုတိုးတက်ရန်မှာ ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားရေးနှင့်လည်း တိုက်ရိုက်ပတ်သက်နေသည်။ ထို့ပြင် နိုင်ငံ၏စီးပွားရေးတိုးတက်ရန်အတွက် ပို့ကုန်တိုးတက်ရေးမှာ မရှိမဖြစ်လိုအပ်ပြီး ပို့ကုန်တိုးမြှင့်နိုင်မှသာ နိုင်ငံခြားငွေများရရှိနိုင်မည်ဖြစ်သည်။ ပို့ကုန်တိုးတက်စေခြင်းဖြင့်လည်း ကုန်ထုတ်လုပ်မှုကို တိုးတက်စေနိုင်သည်။ ကုန်ထုတ်လုပ်မှုတိုးတက်စေရန်နှင့် ကုန်ကျစရိတ်ကိုလျှော့ချနိုင်ရန်မှာ ကုန်ထုတ်လုပ်မှုစွမ်းရည်မြင့်မားရေးက အဓိကအချက်ပင်ဖြစ်သည်။ ❖

ရွေးချယ်နိုင်စွမ်းရှိခြင်း (Right Choice) သည်လည်း အစိတ်အပိုင်းတစ်ခုအဖြစ် လိုအပ်သည်။ မည်သည်ကို ရွေးချယ်ရမည်နည်း။ ရွေးချယ်ရမည့်အရာမှာ ကိုယ်ကျွမ်းကျင်ပြီး ကုန်ထုတ်လုပ်နိုင်စွမ်းရှိသည့် အရေးကြီးသောအလုပ်ကို ရွေးချယ်နိုင်ရန်လိုအပ်သည်။ မှန်ကန်သောရွေးချယ်မှုဖြစ်မှသာ ကုန်ထုတ်စွမ်းအားသည်လည်း မြင့်မားမည်ဖြစ်သည်။ အရေးမကြီးသည့် မကျွမ်းကျင်သောလုပ်ငန်းကို ရွေးချယ်မိပါက လူမှန်နေရာမှန်မဖြစ်ဘဲ ကုန်ထုတ်လုပ်မှုစွမ်းအားလည်း တိုးတက်လာခြင်းမရှိနိုင်ပေ။ ထို့ကြောင့် ခေါင်းဆောင်များ၊ မန်နေဂျာများအနေဖြင့်လည်း လူမှန်နေရာမှန် ရွေးချယ်တာဝန်ပေးနိုင်ရန် လိုအပ်သည်။

ကိုက်ညီမှု (Consistency) ရှိရန်လည်း လိုအပ်သည်။ ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်လာစေရေးအတွက် အရှိန်အဟုန်နှင့် ဆောင်ရွက်မှုရှိရန်လည်း လိုအပ်သည်။ မှန်ကန်ညီညွတ်သော အရှိန်အဟုန်တစ်ခုဖြင့်လုပ်ကိုင်နိုင်မှလည်း ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် အထက်ဖော်ပြပါ အချက်များအားလုံးလည်း မှန်ကန်ကိုက်ညီမှုရှိရန် လိုအပ်သည်။

အဆိုပါ အစိတ်အပိုင်းလေးမျိုးကိုကြည့်လျှင် လူသားအရင်းအမြစ်၊ သဘာဝအရင်းအမြစ်နှင့်ငွေကြေးအရင်းအမြစ်များလည်း မှန်ကန်ကိုက်ညီမှုများရှိရန် လိုအပ်သည်ကို တွေ့နိုင်သည်။ နေ့စဉ်လုပ်ငန်းများကို လုပ်ကိုင်နေကြသော်လည်း ပုံမှန်သာလုပ်ကိုင်နေကြသည်ကို ကျေးလက်များတွင် အများအပြားတွေ့နေရသည်။ တိုးမြှင့်၍ ကုန်ထုတ်လုပ်ရန်သော်လည်းကောင်း၊ လုပ်ငန်းတိုးချဲ့ရန်ကိုသော်လည်းကောင်း ဆန္ဒနည်းပါးနေသည်များကို ကျေးလက်များနှင့်အသေးစားလုပ်ငန်းများတွင် တွေ့နေရသည်။ သူ့အိုးနှင့်သူ့ဆန် တန်ရုံဟူသောသဘောမျိုးထားတတ်သည်။ လုပ်ငန်းတိုးချဲ့ခြင်းသည် မိမိတစ်မိသားစုအတွက်သာ ကြည့်ခြင်းမျိုးမဟုတ်ဘဲ လုပ်ငန်းတိုးချဲ့ခြင်းသည် အများအတွက် ထမင်းအိုးတည်ပေးခြင်းဖြစ်သည်ဟုလည်း သဘောထားအမြင်မျိုးရှိရန် လိုအပ်သည်။

**အသေးစား၊ အလတ်စားလုပ်ငန်းများ**

အသေးစား၊ အလတ်စားလုပ်ငန်းများဟုဆိုပါက လုပ်ငန်းအငယ်လေးများကိုသာ မျက်စိထဲတွင် မြင်တတ်ကြသည်။ အမေရိကန် KFC ကြက်ကြော်ဆိုင်သည် အသေးစားလုပ်ငန်းတစ်ခုသာဖြစ်သည်။ သို့သော်လည်း ယခုအခါ ကမ္ဘာအနှံ့ပျံ့နှံ့နေသော လုပ်ငန်းကြီးတစ်ခုအဖြစ် မြင်တွေ့နေရပြီဖြစ်သည်။ ထို့အတူပင် abc store၊ 711 Store စသည်တို့သည်လက်လီဆိုင်များအဆင့်သာဖြစ်သော်လည်း ယခုအခါ ကမ္ဘာ့နေရာအနှံ့တွင် တွေ့နိုင်ပြီဖြစ်သည်။ မိမိတို့နိုင်ငံတွင်လည်း လက်ရှိတွင် ဆန်စက်များ၊ ဆုံဆီကြိတ်ခုံများ၊ အမှုန့်ကြိတ်စက်လုပ်ငန်းများ၊ လက်လီကုန်စုံဆိုင်များသည်လည်း အသေးစားလုပ်ငန်းများသာဖြစ်ကြသည်ကို သတိပြုနိုင်သည်။ နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးသည် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးရန်လိုအပ်ပြီး ကုန်ထုတ်စွမ်းအားတိုးတက်ရန် လိုအပ်သည်။ အသေးစား၊ အလတ်စားလုပ်ငန်းများ ရှင်သန်နိုင်ရေးအတွက် ဝန်ကြီးဌာနများက ချေးငွေမှစတင်ပြီး အထောက်အပံ့များပေးနေချိန်တွင် မိမိတို့လုပ်ငန်းများ၏ ကုန်ထုတ်စွမ်းအားကို တိုးတက်အောင်ဆောင်ရွက်နိုင်ရန် အရေးကြီးသည်။ လုပ်သားများကဏ္ဍတွင်လည်း ကျွမ်းကျင်မှုရှိသောလုပ်သားများတိုးတက်လာပြီး ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်လာရန် အရေးကြီးသည်။ ဝန်ထမ်းများနှင့်လုပ်သားများအားလုံးအတွက် တစ်ဦးချင်း ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်လာစေရန်အတွက်လည်း အောက်ပါအချက်ငါးချက်ကို လေ့ကျင့်နိုင်သည်။

- နေ့စဉ်အလုပ်များကို အဓိကအရေးပါမှုအဆင့်များ သေချာခွဲခြားရန်လိုအပ်သည်။ ထို့နောက် သေချာစွာစိစစ်ပြီး တစ်ခုချင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရမည်။
- မလုပ်ချင်ဆုံးသောအလုပ်ကို အရင်ဆုံးပြီးစီးအောင် ကြိုးစားကြည့်ရန်လိုအပ်သည်။
- ကုန်ထုတ်လုပ်မှုစွမ်းရည် တိုးတက်စေရန်အတွက် မည်သည့်အချိန်တွင် အလုပ်ရပ်နားရမည်ကို သေချာစွာချင့်ချိန်ထားရန် လိုအပ်သည်။
- ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ဆောင်ရွက်သင့်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို စားသုံးရမည်။
- ကုန်ထုတ်လုပ်ရာတွင် လုပ်သားများ၏ကဏ္ဍသည် မပါမဖြစ်ဖြစ်သည်။

အထူးသဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းများတွင် ကျွမ်းကျင်သောဝန်ထမ်း သို့မဟုတ် လုပ်သားကို မှီခိုလုပ်ကိုင်ရသော လုပ်ငန်းများဖြစ်ကြသဖြင့် ကျွမ်းကျင်လုပ်သားများ ပိုမိုများပြားလာရေးသည် အရေးကြီးသည်။ ကျွမ်းကျင်လုပ်သားများ များပြားလာရေးအတွက် Vocational Training Center များသည်လည်း များစွာအရေးကြီးသည်။

ထို့ကြောင့် နိုင်ငံ၏ကုန်ဈေးနှုန်းတည်ငြိမ်ရေးသည် ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် တိုက်ရိုက်အချိုးကျနေသည်ဟု ဆိုနိုင်သည်။ ကုန်ထုတ်လုပ်မှုတိုးတက်ရန်မှာ ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားရေးနှင့်လည်း တိုက်ရိုက်ပတ်သက်နေသည်။ ထို့ပြင် နိုင်ငံ၏စီးပွားရေးတိုးတက်ရန်အတွက် ပို့ကုန်တိုးတက်ရေးမှာ မရှိမဖြစ်လိုအပ်ပြီး ပို့ကုန်တိုးမြှင့်နိုင်မှသာ နိုင်ငံခြားငွေများ ရရှိနိုင်မည်ဖြစ်သည်။ ပို့ကုန်တိုးတက်စေခြင်းဖြင့်လည်း ကုန်ထုတ်လုပ်မှုကို တိုးတက်စေနိုင်သည်။ ကုန်ထုတ်လုပ်မှုတိုးတက်စေရန်နှင့် ကုန်ကျစရိတ်ကိုလျှော့ချနိုင်ရန်မှာ ကုန်ထုတ်လုပ်မှုစွမ်းရည်မြင့်မားရေးက အဓိကအချက်ပင်ဖြစ်သည်။ ပို့ကုန်တိုးတက်ရေးကိုဆောင်ရွက်နေသော်လည်း ပြည်ပမှ တင်သွင်းရမှုများကိုထိန်းသိမ်းနိုင်ရန်နှင့် ပြည်ပသွင်းကုန်များကို ပြည်တွင်းတွင် အစားထိုးထုတ်လုပ်သွားနိုင်ရန်လည်း လိုအပ်သည်။

သွင်းကုန်အစားထိုးရေးတွင် အသေးစား၊ အလတ်စားလုပ်ငန်းများသည် အလွန်အရေးကြီးသောကဏ္ဍတွင် ပါဝင်လာသည်။ ထင်သာမြင်သာသော လုပ်ငန်းတစ်ခုမှာ စားသုံးဆီလုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံတွင် စားအုန်းဆီ၊ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို ကြိတ်ခွဲထုတ်လုပ်နိုင်သော်လည်း စားအုန်းဆီများကို ယခုအချိန်ထိ တင်သွင်းပေးနေရသည်ကိုမြင်တွေ့နိုင်သည်။ ပြည်ပမှ ဈေးနှုန်းမြင့်လျှင် ပြည်တွင်းစားသုံးဆီဈေးနှုန်းလည်း လိုက်ပါမြင့်တက်လာသည်ကိုတွေ့နိုင်သည်။ ထို့ကြောင့် ပြည်တွင်းတွင် ထုတ်လုပ်သော စားအုန်းဆီ၊ မြေပဲဆီ၊ နှမ်းဆီများကို ပိုမိုကြိတ်ခွဲထုတ်လုပ်နိုင်ရေးသည် များစွာအရေးပါသည်ကို တွေ့နိုင်သည်။ ရှိပြီးဆီစက်များ အဆင့်မြင့်ရေးနှင့် အဆင့်မြင့်ဆီစက်များ ပိုမိုတည်ဆောက်နိုင်ရေးသည်လည်း သွင်းကုန်စားအုန်းဆီအစားထိုးရေးတွင် မဖြစ်မနေလိုအပ်နေသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးသကဲ့သို့ စားသုံးဆီကြိတ်ခွဲစက်များ တိုးတက်လာရေးသည် များစွာအရေးကြီးသည်။ ထိုကဲ့သို့ ပြည်တွင်းတွင် စားသုံးဆီများကို လုံလောက်အောင် ကြိတ်ခွဲထုတ်လုပ်လာနိုင်သည်နှင့်အမျှ စားသုံးဆီဈေးနှုန်းသည်လည်း ကျဆင်းလာနိုင်သည်။ သွင်းကုန်အစားထိုးရေးသည် ပထမခြေလှမ်းအဖြစ် လှမ်းရမည်ဖြစ်သကဲ့သို့ ပို့ကုန်တိုးမြှင့်ရေးကိုလည်း ဒုတိယခြေလှမ်းအဖြစ် ဆောင်ရွက်သွားနိုင်ရန်လိုအပ်သည်။

ထို့ကြောင့် အသေးစား၊ အလတ်စားလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေး၊ လုပ်သားများ၏ကျွမ်းကျင်မှုမြင့်မားရေး၊ ပြည်ပသွင်းကုန်အစားထိုးကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေးတို့သည် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် များစွာအရေးကြီးသောလုပ်ငန်းများဖြစ်သည်။ အထူးသဖြင့် စားသောက်ကုန်များကို အသေးစား၊ အလတ်စားလုပ်ငန်းများက တိုးတက်ထုတ်လုပ်နိုင်စေရေးအတွက် စဉ်းစားဆောင်ရွက်ပေးကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

မျိုးသူ(ကုန်သွယ်မြှင့်)

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၀၇၉ သန်းရရှိခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၀**

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၀၇၉ သန်းရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြ၍ သိရသည်။

ထိုသို့ ပုစွန်တင်ပို့ရာတွင် ဂျပန်နိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ မလေးရှားနိုင်ငံ၊ တရုတ်(တိုင်ပေ)၊ သြစတြေးလျနိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့ခဲ့ခြင်းဖြစ်ပြီး ရေထွက်ကုန်တင်ပို့မှု တိုးတက်ရေးအတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ် ဧပြီလကနေ ဒီဇင်ဘာလထိ ပြည်ပကို ပုစွန် ၈၄၃၂ ဒသမ ၁၀၄ တန်တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၀၇၉ သန်း ရရှိခဲ့ပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်ရေး လမ်းကြောင်းက ပုစွန် ၇၇၃၁ ဒသမ ၃၉၁ တန်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၄၁၆ သန်း ရရှိခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ ပုစွန် ၇၀၀ ဒသမ ၇၁၃ တန်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၆၃ သန်း ရရှိခဲ့ပါတယ်။ ပြည်ပကို ပုစွန်တင်ပို့ရာမှာ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ ပင်လယ်ရေကြောင်းကနေသာမက နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတွေကနေလဲ တင်ပို့နေတာဖြစ်ပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာန(နေပြည်တော်) ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြသည်။

ရေထွက်ကုန် တင်ပို့ရာတွင် ပုံမှန်တင်ပို့မှုများ စဉ်ဆက်မပြတ်ရှိစေရေးနှင့် ဈေးကွက်အနေအထား ပေါ်မူတည်ကာ ပို့ကုန်မလျော့ကျစေရေးအတွက် ဝယ်ယူနေသည့် နိုင်ငံတစ်နိုင်ငံချင်းစီ၏လိုအပ်ချက်များပြည့်မီရေးကို ငါးလုပ်ငန်းဦးစီးဌာနနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ASH



# လှိုင်းဘွဲ့မြို့နယ် လှကဒိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇန်နဝါရီ ၂၀**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် လှကဒိုင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ လှကဒိုင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

လှိုင်းဘွဲ့မြို့နယ် လှကဒိုင်းကျေးရွာ၌ အရှည် သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၅၅ ဒသမ ၉၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် မေဘာရဏီ ထူးကုမ္ပဏီက ၂၀၂၃ ခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသဖြင့် လှကဒိုင်းကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**ဆက်လှ**

## စီးပွားမတ်ခိုင် ပြည်မလှိုင်

\- လုပ်အားကို အစွမ်းကုန်မြှင့်
ဂုဏ်တင့်ဖို့ အသေချာ၊
လူကြီးလူငယ် အရွယ်မရွေး
လေးစားရမှာ၊
တစ်ယောက်ချင်း စွမ်းရည်ဟာ
စုပေါင်းကာ ပြည့်ခွန်အား၊
နိုင်ရာဝန် ရွက်ဆောင်ထမ်းလို့
ကြိုးပမ်းစို့လား။

\- နိုင်ငံတော် ကုန်ထုတ်အား
မြင့်မားဖို့ ကြံဆောင်လေ၊
နည်းပညာ ဆန်းသစ်မှုကို
ရှေးရှုမသွေ၊
ခေတ်စနစ်နဲ့ ညီကာနေ
ပြည်ရွာတွေ သာစေကြောင်း၊
ရိုးသားစွာ ထုတ်ဖော်လှစ်ကွယ်
အားသစ်ကိုလောင်း။

\- အချိန်တွေ အခါနှောင်းက
ပြန်ပြောင်းလို့ မရနိုင်၊
အကျိုးမဲ့စွာ ဖြုန်းတီးပစ်က
လစ်ဟန္ဒဲ့ယိုင်၊
စီးပွားရေး ပြည့်မဏ္ဍိုင်
တည့်မတ်ခိုင် တိုးမြှင့်ရေး၊
ကာယဉာဏ် ဉာဏဖက်လို့
ရှေ့ဆက်စို့လေး။

\- ကမ္ဘာမှာ မြန်မာသွေးတို့
နွေးထွေးမှု သရုပ်ဖော်၊
ရိုင်းပင်းညီ စည်းလုံးမှုနဲ့
စုစည်းတူပျော်၊
သာသူက လက်တွဲခေါ်
ကျော်ပါစေ ကိုယ်ထက်ကဲ၊
မုဒိတာ နှလုံးသွင်းလျှင်
အောင်ခြင်းဆင့်ကဲ။ ။

**စန်းထက်(ဖန်ခါးမြေ)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ဘက်မလိုက်လှုပ်ရှားမှုအုပ်စုဝင်နိုင်ငံများ အစ္စရေး၏ဂါဇာစစ်ပွဲကို ရှုတ်ချ

**ကမ်ပါလာ ဇန်နဝါရီ ၂၀**

အစ္စရေးနိုင်ငံ၏ ဂါဇာစစ်ပွဲကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (အင်န်အေအမ်)နိုင်ငံများမှခေါင်းဆောင်များက ဇန်နဝါရီ ၁၉ ရက်တွင် ရှုတ်ချခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရန်လည်း အင်န်အေအမ်နိုင်ငံများက ယူဂန္ဓာနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပခဲ့သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ နှစ်စဉ်ထိပ်သီးညီလာခံတွင် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်မှစ၍ မိမိတို့အနေဖြင့် ကမ္ဘာပေါ်၌ အရက်စက်ဆုံးလူမျိုးဖြုတ်လုပ်ရပ်တစ်ခုကို တွေ့ကြုံနေခဲ့ကြရကြောင်း ကျူးဘားဒုတိယသမ္မတ ဆယ်လ်ဗေဒိုး ဗဲလ်ဒက်စ်မီဆာက ညီလာခံမိန့်ခွန်း၌ ပြောကြားခဲ့သည်။

ထို့ပြင် လက်ရှိဖြစ်ပွားဆဲဂါဇာစစ်ပွဲကို အပစ်အခတ်ချက်ချင်းရပ်ဆိုင်းရန်လည်း အာဖရိကသမဂ္ဂကော်မရှင်ဥက္ကဋ္ဌ မူဆာဖာကီမာဟာမက်က အင်န်အေအမ်ထိပ်သီးညီလာခံ၌ တောင်းဆိုခဲ့သည်။

အာဖရိကတိုက် နိုင်ငံအားလုံးနီးပါးသည် အင်န်အေအမ်၌ အဖွဲ့ဝင်များအဖြစ် ပါဝင်နေသည့်နိုင်ငံများဖြစ်သည်။

စစ်အေးတိုက်ပွဲကာလအတွင်း နိုင်ငံရေးနှင့် စစ်ရေးအုပ်စုများ၌ မည်သည့်အုပ်စုတွင်မျှ ပါဝင်မှုမရှိခဲ့ကြသောကမ္ဘာ့နိုင်ငံများက ၁၉၆၁ ခုနှစ်တွင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို စတင်တည်ထောင်ခဲ့ရာ လက်ရှိအချိန်တွင် အဖွဲ့ဝင်နိုင်ငံ ၁၂၀ရှိအဖွဲ့အစည်းအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ရုရှားတပ်များကို ဓာတ်ကားသိက္ခာချမှုဆန့်ကျင်ရေးဥပဒေကြမ်း ရုရှားလွှတ်တော်အမတ်များပြင်ဆင်



**မော်စကို ဇန်နဝါရီ ၂၀**

ရုရှား လက်နက်ကိုင်တပ်များနှင့်ပတ်သက်၍ သတင်းမှားများအားရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့်နေသူများထံမှ ငွေကြေးနှင့်အိုးအိမ်ပိုင်ဆိုင်မှုများကို သိမ်းယူနိုင်မည့် ဥပဒေကြမ်းတစ်ရပ်အား ရုရှားလွှတ်တော်အမတ်များက ရေးဆွဲပြင်ဆင်ထားကြောင်းယနေ့သတင်းများအရ သိရသည်။

အဆိုပါဥပဒေကြမ်းအရ ရုရှားလက်နက်ကိုင်တပ်များကို သိက္ခာချနေသူများအပြင် ရုရှားနိုင်ငံအပေါ် သစ္စာဖောက်မှုပုံစံအမျိုးမျိုးကျူးလွန်နေသူများကိုလည်း အပြစ်ပေးနိုင်မည်ဖြစ်ကြောင်း ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌ ယာချီဆလပ်ဗ်ဗိုလိုဒင်က ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ရုရှားနိုင်ငံကို ဖျက်ဆီးရန်ကြိုးစားသူတိုင်း၊ ရုရှားနိုင်ငံအပေါ် သစ္စာဖောက်သူတိုင်းသည် ပြင်းထန်သည့်ပြစ်ဒဏ်နှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌဗိုလိုဒင်က လူမှုမီဒီယာစာမျက်နှာပေါ်တွင် ရေးသားထားသည်။

ရုရှားလက်နက်ကိုင်တပ်များကို သိက္ခာချသူများအား အရေးယူရေးဥပဒေကြမ်းကို ဇန်နဝါရီ ၂၂ ရက်တွင် ရုရှားအောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့သို့ တင်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း ဗိုလိုဒင်၏အဆိုအရ သိရသည်။

ရုရှားနိုင်ငံသည် ၂၀၂၂ ခုနှစ် မတ်လတွင် ဥပဒေများပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေများအရ ရုရှားလက်နက်ကိုင်တပ်များအား သိက္ခာချသူများကို နှစ်ရှည်ထောင်ဒဏ်များချမှတ်နိုင်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယူကရိန်းစစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း ရုရှားလက်နက်ကိုင်တပ်များကို ဝေဖန်ရှုတ်ချမှုများမှ ကာကွယ်ရေးအတွက် ဥပဒေအမျိုးမျိုးပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## မောင်းသူမဲ့လေယာဉ်သုံး လေကြောင်းရန်ကာကွယ်ရေး စစ်ရေးလေ့ကျင့်မှု အီရန်နိုင်ငံပြုလုပ်

**တီဟီရန် ဇန်နဝါရီ ၂၀**

ရန်သူပစ်မှတ်များကိုကြားဖြတ်ဟန့်တားရန်ရည်ရွယ်တည်ဆောက်ထားသော မောင်းသူမဲ့လေယာဉ်များသုံး၍ လေကြောင်းရန်ကာကွယ်ရေးလေ့ကျင့်မှုတစ်ရပ်ကို အောင်မြင်စွာပြုလုပ်ခဲ့ကြောင်း အီရန်အစိုးရသတင်းမီဒီယာများက ဇန်နဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မောင်းသူမဲ့ လေယာဉ်သုံး လေကြောင်းရန် ကာကွယ်ရေးလေ့ကျင့်မှုကို အီရန်အနောက်တောင်ကမ်းရိုးတန်းနှင့် အရှေ့တောင်ကမ်းရိုးတန်းအကြား နယ်မြေတစ်ခု၌ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အီရန်မီဒီယာများ၏ အဆိုအရ သိရသည်။

အရှေ့အလယ်ပိုင်းဒေသ၌ ဂါဇာစစ်ပွဲကြောင့် တင်းမာမှုများမြင့်တက်နေချိန်၊ အီရန်နှင့်အိမ်နီးချင်း ပါကစ္စတန်နိုင်ငံတို့အကြား တစ်ဖက်နှင့်တစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးချိန်တွင် မောင်းသူမဲ့လေယာဉ်သုံး လေကြောင်းရန်ကာကွယ်ရေးလေ့ကျင့်မှုကို အီရန်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မောင်းသူမဲ့ လေယာဉ်သုံး လေကြောင်းရန် ကာကွယ်ရေး စစ်ရေးလေ့ကျင့်မှုကို ဇန်နဝါရီ ၁၈ ရက်မှစ၍ နှစ်ရက်ကြာပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုအတွင်း အီရန်လေတပ်၊ ရေတပ်နှင့် လေတပ်တို့မှ တပ်ဖွဲ့ဝင်များပါဝင်ခဲ့ကြကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## တရုတ်အလယ်ပိုင်း စာသင်ကျောင်းတစ်ကျောင်း၌ ကျောင်းသားဆောင်မီးလောင်မှုကြောင့် ၁၃ ဦးသေဆုံး

**ပေကျင်း ဇန်နဝါရီ ၂၀**

တရုတ်နိုင်ငံ အလယ်ပိုင်း စာသင်ကျောင်း တစ်ကျောင်းရှိ ကျောင်းသားလူနေဆောင်တစ်ခု၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ ကျောင်းသား ၁၃ ဦး သေဆုံးခဲ့ရကြောင်း တရုတ်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



အဆိုပါမီးလောင်ကျွမ်းမှုသည် ဟီနန်ပြည်နယ် ယင်ကိုင်းစာသင်ကျောင်းရှိ ကျောင်းသားဆောင်၌ ဇန်နဝါရီ ၁၉ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်ကျွမ်းမှုကြောင့် အသက်ကိုးနှစ်အရွယ် သုံးတန်းကျောင်းသား ၁၃ ဦး သေဆုံးခဲ့ရကြောင်း တရုတ်မီဒီယာများ၏အဆိုအရ သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားခဲ့ရပြီးနောက် လူနေများပြားသည့်နေရာများ၌ မီးဘေးအန္တရာယ်ကင်းစင်မှု ရှိ၊ မရှိ ကြပ်ကြပ်မတ်မတ်စစ်ဆေးရန် တရုတ်အစိုးရတာဝန်ရှိသူများက သက်ဆိုင်ရာအဖွဲ့အစည်းများကို တိုက်တွန်းထားသည်။

ယင်ကိုင်းစာသင်ကျောင်း ကျောင်းသားဆောင် မီးလောင်မှုအတွက် ကျောင်းအုပ်ကြီးကို တရုတ်တာဝန်ရှိသူများက ဖမ်းဆီးထိန်းသိမ်း၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

မီးလောင်မှုဖြစ်ပွားခဲ့ရာ စာသင်ကျောင်းသည် မူလတန်းကြိုနှင့် အခြေခံပညာကျောင်းတို့ ပူးတွဲထားသော ပုဂ္ဂလိကစာသင်ကျောင်းတစ်ကျောင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဘုရင်ထံမှ ဝင်ငွေကောက်ခံမည့်ဥပဒေကြမ်း နယ်သာလန်လွှတ်တော်အမတ်များ မဲခွဲမည်

**အမ်စတာဒမ် ဇန်နဝါရီ ၂၀**

ဘုရင် ဝီလမ်အလက်ဇန်းဒါးနှင့် မိသားစုဝင်များ ဝင်ငွေခွန်ပေးဆောင်ရန် တောင်းဆိုထားသည့် အဆိုပြုဥပဒေကြမ်းတစ်ရပ်ကို နယ်သာလန်လွှတ်တော်အမတ်များက ဇန်နဝါရီ ၂၃ ရက်တွင် မဲခွဲဆုံးဖြတ်မည် ဖြစ်ကြောင်း သိရသည်။

နယ်သာလန်နိုင်ငံ အနေဖြင့် ဘုရင်နှင့်မိသားစုဝင်များကို ဝင်ငွေခွန်ကောက်ခံမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲပြင်ဆင်ရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၂၃ ရက်တွင် မဲခွဲမည့် ဥပဒေကြမ်းတွင် ဘုရင်နှင့် ဘုရင့်မိသားစုထံမှ ဝင်ငွေခွန်ကောက်ခံရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုပြုထားသည်။

အဆိုပါဥပဒေကြမ်းကို အတည်ပြုမည်ဆိုပါက နယ်သာလန်အောက်လွှတ်တော်နှင့် အထက်လွှတ်တော် အမတ် သုံးပုံနှစ်ပုံတို့၏ထောက်ခံမှု ရယူရန်လိုသည်။

ဘုရင်နှင့် ဘုရင့်မိသားစုထံမှ ဝင်ငွေခွန်ကောက်ယူရေးအစီအစဉ်ကို နယ်သာလန်အောက်လွှတ်တော် အမတ်အများစုက ထောက်ခံကြဖွယ်ရှိသော်လည်း အထက်လွှတ်တော်၏ထောက်ခံမှု ရ၊ မရ မသေချာသေးကြောင်း သိရသည်။

ထို့နည်းတူ ဘုရင်နှင့် ဘုရင့်မိသားစုထံမှ ဝင်ငွေခွန်ကောက်ခံရေးအစီအစဉ်ကို နယ်သာလန်ဝန်ကြီးချုပ် မာ့ခ်ရပ်တီကလည်း ဆန့်ကျင်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၂ စင်းကို ဇန်နဝါရီ ၁၉ ရက်တွင် လွှတ်တင်မည့်အစီအစဉ် Space-X ကုမ္ပဏီ ဖျက်သိမ်းထားရ



**ဝါရှင်တန် ဇန်နဝါရီ ၂၀**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၂ စင်းကို ဇန်နဝါရီ ၁၉ ရက်တွင် လွှတ်တင်မည့်အစီအစဉ် ဖျက်သိမ်းထားရကြောင်း သိရသည်။

စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများ လွှတ်တင်ရေးအစီအစဉ် ဖျက်သိမ်းခဲ့ရမှုအကြောင်းတရားနှင့် လွှတ်တင်ရေးအတွက် ထပ်မံကြိုးပမ်းမည့် အချိန်တို့ကို ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါစတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် အဆိုပါစတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို မလွှတ်တင်မီ တစ်မိနစ်ခန့်အလိုတွင် လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ရခြင်းဖြစ်ကြောင်း Space-X အာကာသ နည်းပညာကုမ္ပဏီက ထုတ်ပြန်ထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တု စင်းရေ ၅၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်သည်။

Sapce-X အာကာသ နည်းပညာကုမ္ပဏီသည် စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်အတွက် ဂြိုဟ်တုအစင်း ၁၂၀၀၀ ထိ လွှတ်တင်ခွင့်ရထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တရုတ်နိုင်ငံ၏ တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ် ကမ္ဘာပတ်လမ်းမှခွာထွက်၍ ကမ္ဘာ့လေထုလွှာအတွင်းဝင်ရောက်

**ပေကျင်း ဇန်နဝါရီ ၂၀**

တရုတ်နိုင်ငံ၏ တီယန်ကျိုး-၆ အာကာသ ကုန်တင်ယာဉ်သည် ဇန်နဝါရီ ၁၉ ရက်တွင် ကမ္ဘာပတ်လမ်းမှခွာထွက်၍ ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်သည် ဇန်နဝါရီ ၁၉ ရက်တွင် တောင်ပစိဖိတ်ဒေသအထက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြောင်း တရုတ် အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်သည် ကမ္ဘာပတ်လမ်းပေါ်တွင်ရှိနေစဉ် တာ့လျံ-၁ အမည်ရှိ ဂြိုဟ်တုငယ်တစ်စင်းကို လွှတ်တင်ပေးပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်သည် ဇန်နဝါရီ ၁၈ ရက်က တာ့လျံ-၁ ဂြိုဟ်တုငယ်ကို လွှတ်တင်ပေးခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်ကို ၂၀၂၃ ခုနှစ် မေ ၁၀ ရက်က လောင်းမတ်ချ်-၇ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်သည် တရုတ်အမျိုးသား အာကာသအေဂျင်စီက တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ခဲ့သော ပဉ္စမမြောက် အာကာသ ကုန်တင်ယာဉ်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ဂျပန်အာကာသအေဂျင်စီ၏ SLIM လဆင်းယာဉ် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့

**တိုကျို ဇန်နဝါရီ ၂၀**

ဂျပန်အာကာသအေဂျင်စီ၏ SLIM လဆင်းယာဉ်သည် ဇန်နဝါရီ ၁၉ ရက်တွင် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

SLIM လဆင်းယာဉ် လမျက်နှာပြင်ပေါ် ဆင်းသက်နိုင်ခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံသည် လပေါ်သို့ လဆင်းယာဉ် စေလွှတ်နိုင်သော ပဉ္စမမြောက် ကမ္ဘာ့နိုင်ငံဖြစ်လာခဲ့ရကြောင်း သိရသည်။

သို့ရာတွင် SLIM လဆင်းယာဉ်သည် လပေါ်သို့အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သော်လည်း လဆင်းယာဉ်သည် နေစွမ်းအင်ပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ထိုပြဿနာကို ဖြေရှင်းနိုင်မှုမရှိပါက SLIM လဆင်းယာဉ်သည် သက်မဲ့အာကာသယာဉ်ဖြစ်သွားနိုင်ကြောင်း ဂျပန်အာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

SLIM လဆင်းယာဉ်၏ ဘက်ထရီမှာ လဆင်းယာဉ်အတွက် နာရီအနည်းငယ်မျှသာ စွမ်းအင်ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။

ဂျပန် အာကာသအေဂျင်စီသည် SLIM လဆင်းယာဉ်ကို ပြီးခဲ့သည့်နှစ် စက်တင်ဘာလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လဆင်းယာဉ်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် လပတ်လမ်းအတွင်းဝင်ရောက်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် လမျက်နှာပြင်ပေါ် ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# H E A L T H

## နေ့စဉ်စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်းဖြင့် ရောင်ရမ်းမှုပြဿနာကို လျှော့ချနိုင်

**ဟယ်လ်ဆင်ကီး ဇန်နဝါရီ ၂၀**

နေ့စဉ်စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်းများ ပြုလုပ်ခြင်းဖြင့် ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် ဆီးချိုရောဂါများ ဖြစ်စေနိုင်သည့် ရောင်ရမ်းမှုပြဿနာကို လျှော့ချနိုင်ကြောင်း ဇန်နဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

နေ့စဉ်အနည်းဆုံး ၄၅ မိနစ်ကြာ စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်းများ ပုံမှန်ပြုလုပ်ခြင်းဖြင့် ရောင်ရမ်းမှု၏ ဇီဝလက္ခဏာဖြစ်သော C.Creative Protein ခေါ် ပရိုတင်းတစ်မျိုး ထွက်ပေါ်လာမှုအဆင့်ကို လျှော့ချပေးနိုင်ကြောင်း ဖင်လန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အလုပ်ခွင်သို့ စက်ဘီးစီးသွားခြင်း၊ လမ်းလျှောက်သွားခြင်းတို့သည် ကျန်းမာရေးအတွက် အကျိုးရှိသကဲ့သို့ ရာသီဥတုပြောင်းလဲမှုအကျိုးသက်ရောက်မှုများကိုလည်း လျှော့ချပေးနိုင်ကြောင်း ဖင်လန်သုတေသန ပညာရှင်များက ပြောကြားသည်။

လူ့ကိုယ်ခန္ဓာ၏ ရောဂါခုခံအားစနစ်တုံ့ပြန်မှု၏ အစိတ်အပိုင်းအဖြစ် လူသားတို့အနေဖြင့် ယာယီအခိုက်အတန့် ရောင်ရမ်းမှုဖြင့် ရင်ဆိုင်ရတတ်သည်။

သို့ရာတွင် ရောင်ရမ်းမှုပြဿနာမှာ လနှင့်ချီ၊ နှစ်နှင့်ချီကြာညောင်းခဲ့ပါက ကျန်းမာရေးပြဿနာများ နောက်ဆက်တွဲပေါ်ထွက်လာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ယခင်ပြုလုပ်ခဲ့သော လေ့လာချက်များတွင်လည်း လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ရောင်ရမ်းမှုကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## နေ့စဉ်သောက်သုံးရသော ဗီတာမင်ဆေးတစ်မျိုးက တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှုကို လျှော့ချနိုင်

**နယူးယောက် ဇန်နဝါရီ ၂၀**

နေ့စဉ် သောက်သုံးရသည့် ဗီတာမင်ဆေးတစ်မျိုးသည် သက်ကြီးပိုင်းများ၌ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုအရှိန်ကို နှစ်နှစ်ထိ လျှော့ချပေးနိုင်ကြောင်း ဇန်နဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ MGB ဆေးရုံမှ သုတေသန ပညာရှင်များသည် ပျမ်းမျှအသက် ၆၀ နှင့်အထက်ရှိ သက်ကြီးပိုင်း ၂၁၀၀၀ ကျော်တို့ကို လေ့လာစူးစမ်းခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Centrum Silver အမည်ရှိ ဗီတာမင်ဆေးတစ်မျိုးသုံးစွဲသူ သက်ကြီးပိုင်းများသည် မသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ပို၍မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း သိရသည်။

မိမိတို့၏တွေ့ရှိချက်အရ Centrum Silver ဆေးကို သုံးစွဲသူသက်ကြီးပိုင်းများ၌ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုအရှိန်ကို နှစ်နှစ်ကြာထိ ထိန်းပေးထားနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Centrum Silver ဗီတာမင်ဆေးတွင် ဗီတာမင်စီ၊ ကယ်လ်စီယမ်နှင့် သွပ်ဓာတ်အပါအဝင် အာဟာရဓာတ်များ ပါဝင်သည်။

အထက်ပါ အာဟာရဓာတ်များကို ဦးနှောက်လုပ်ငန်းစဉ် မြှင့်တင်ပေးနိုင်သည့် အာဟာရဓာတ်များအဖြစ် သုတေသနပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



နိုင်ငံတကာ
## အားကစားသတင်းများ

# ဘိုင်ယန်မြူးနစ်အသင်းက ထရစ်ပီယာကို ခေါ်ယူရန် ချိတ်ဆက်မှုပြုလုပ်

**မြူးနစ် ဇန်နဝါရီ ၂၀**

ဘိုင်ယန်မြူးနစ်အသင်း နည်းပြတူချယ်က ယခုလအတွင်း ညာတောင်ပံ ခံစစ်ကစားသမားတစ်ဦးခေါ်ယူမည်ဟု ပြောကြားခဲ့ပြီးနောက် နယူးကာဆယ်အသင်းမှ ထရစ်ပီယာကိုခေါ်ယူရန်ချိတ်ဆက်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ် အသင်းက အစောပိုင်းက ပီအက်စ်ဗီအသင်းကစားသမား နော်ဒီမူခီလီကို ခေါ်ယူရန် ကြိုးပမ်းခဲ့သည့်အပြင် ယခုအခါ နယူးကာဆယ်အသင်းက ထရစ်ပီယာကို ရာသီဝက်အငှားစာချုပ်ဖြင့် လက်လွှတ်မည်ဟု သတင်း ထွက်ပေါ်ခဲ့သောကြောင့် နည်းပြတူချယ်က ထရစ်ပီယာကို အာဖရိကဖလားပြိုင်ပွဲ သွားရောက်ကစားနေသည့် မာဇရာအီနေရာတွင်အစားထိုး၍ ခံစစ်ပိုင်းဖြည့်တင်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အသက် ၃၃ နှစ်ရှိ ထရစ်ပီယာသည် ၂၀၂၂ ခုနှစ်က နယူးကာဆယ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်း၏အဓိက ကစားသမားတစ်ဦးဖြစ်လာခဲ့ကာ အသင်းခေါင်းဆောင်တာဝန်ကို ရယူနိုင်ခဲ့သည်။ လက်ရှိတွင် အသင်းနှင့် စာချုပ်သက်တမ်း ၁၈ လသာကျန်ရှိသည့်အချိန်တွင် အသင်းအနေဖြင့် ဝင်ငွေထွက်ငွေမညီမျှမှု စည်းမျဉ်းကြောင့် လုပ်ခလစာမြင့်မားသည့် ကစားသမားများကို ပြန်လည်ရောင်းချရန်စီစဉ်ခဲ့ရပြီး အဆိုပါကစားသမားစာရင်းတွင် ထရစ်ပီယာလည်း ပါဝင်လျက်ရှိသည်။

နယူးကာဆယ် အသင်းသည် ပြီးခဲ့သည့်နွေရာသီက ညာတောင်ပံခံစစ်ပိုင်းအတွက် ချဲလ်ဆီးအသင်းမှ လူငယ်ကစားသမားလီဗရာမန်တိုကို စတာလင်ပေါင်သန်း ၄၀ ဖြင့် ခေါ်ယူခဲ့ပြီးနောက် ထရစ်ပီယာ၏နောက်တွင် ဒုတိယဦးစားပေးကစားသမားအဖြစ် အသုံးပြုနေသောကြောင့် ထရစ်ပီယာကိုရောင်းချရန်အတွက် အခက်အခဲမရှိဘဲ ဘဏ္ဍာရေးအကျပ်အတည်းကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# IBF အမျိုးသမီးဝယ်လ်တာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ နာတာရှာက မီကဲလာနှင့် ထိုးသတ်သွားမည်




**လီဗာပူး ဇန်နဝါရီ ၂၀**

IBF အမျိုးသမီးဝယ်လ်တာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံဖြစ်သူ ဗြိတိန်လက်ဝှေ့မယ် နာတာရှာသည် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့မယ် မီကဲလာနှင့် အင်္ဂလန်နိုင်ငံ လီဗာပူးမြို့တွင် ထိုးသတ်မည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နာတာရှာသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်တွင် ကနေဒါလက်ဝှေ့မယ် ကန်ဒီကိုအနိုင်ရရှိကာ IBF အမျိုးသမီးဝယ်လ်တာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ပြီး ပထမဦးဆုံးသော လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ကို ထိုးသတ်သွားမည်ဖြစ်သည်။

နာတာရှာသည် WBC၊ WBO လိုက်မစ်ဒယ်ဝိတ်တန်း၏ လက်ရှိချန်ပီယံတစ်ဦးဖြစ်သလို မတူညီသော ဝိတ်တန်းနှစ်ခုတွင် ချန်ပီယံခါးပတ်များကို ဆွတ်ခူးထားနိုင်သည့် ချန်ပီယံတစ်ဦးလည်းဖြစ်သည်။

နာတာရှာအနေဖြင့် မိခင်နိုင်ငံတွင် ထိုးသတ်ခွင့်ရမည်ဖြစ်သကဲ့သို့ အင်္ဂလန်ပရိသတ်များရှေ့မှောက်တွင် လက်ရှိချန်ပီယံဆုကို သေချာပေါက်ကာကွယ်နိုင်ရေးအတွက် ပြင်ဆင်ထားကြောင်း ပြောကြားခဲ့သည်။

နာတာရှာက "မိခင်မြေမှာ ထိုးသတ်ခွင့်ရတဲ့ လက်ဝှေ့သမားတိုင်းအတွက်က အမြတ်နိုးအားသာချက်ရှိပါတယ်။ ဒါကြောင့်လဲ လက်ဝှေ့သမားတိုင်းက မိခင်မြေမှာ ထိုးသတ်ခွင့်ရဖို့အတွက်ပဲ ကြိုးစားခဲ့ကြတာပါ။ လက်ဝှေ့သမားတစ်ယောက်အတွက် အဓိကအရေးကြီးဆုံးက ပရိသတ်တွေရဲ့အားပေးမှုပါ။ ပရိသတ်တွေရဲ့အားပေးမှုမရဘဲ အနိုင်ရဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ ပရိသတ်တွေရဲ့အားပေးမှုကြောင့် အနိုင်ရလဒ်ကိုရယူနိုင်ဖို့အတွက် ပွဲအပေါ်မှာအာရုံစိုက်ချင်စိတ်ဖြစ်ပေါ်လာတယ်။ အနိုင်ရဖို့အာရုံစိုက်မှပဲ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# အယ်ရှာဘတ်အသင်းက မော်ရင်ဟိုကိုခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်

**ရီယာ့ဒ် ဇန်နဝါရီ ၂၀**

ဆော်ဒီအာရေဗျကလပ် အယ်ရှာဘတ်အသင်းသည် ရိုးမားအသင်းနှင့်လမ်းခွဲခဲ့သည့် နည်းပြမော်ရင်ဟိုကို နည်းပြသစ်အဖြစ် ခန့်အပ်နိုင်ရန်အတွက် အသင်းအားကစားဒါရိုက်တာ ဒိုမန်နီကိုက၎င်း၏အေးဂျင့်ဖြစ်သူ ဂျော့မန်ဒက်စ်နှင့် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

လက်ရှိတွင် အယ်ရှာဘတ်အသင်းသည် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ၁၉ ပွဲကစားခဲ့ရာ ငါးပွဲသာအနိုင်ရခဲ့သဖြင့် အမှတ်ပေးဇယားအဆင့်(၁၁)နေရာတွင်ရောက်ရှိနေသောကြောင့် နည်းပြအီဂေါ်၏နေရာတွင် အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြမော်ရင်ဟိုနှင့်အစားထိုးနိုင်ရန် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

နည်းပြမော်ရင်ဟိုသည် ဥရောပကလပ်အသင်းများ၏ ကမ်းလှမ်းမှုကိုရရှိထားသဖြင့် ဆော်ဒီအာရေဗျသို့ပြောင်းရွှေ့ရန် မသေချာသော်လည်း ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလက ပင်လယ်ကွေ့နိုင်ငံတွင် အလုပ်လုပ်ရန် ဆန္ဒရှိကြောင်း ပြောကြားထားသဖြင့် အယ်ရှာဘတ်အသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

ထို့ပြင် အယ်ရှာဘတ်အသင်းသည် ဥရောပကစားသမားများဖြစ်သည့် ကာရက်စကို၊ ဘာနီဂါ၊ ရိုမိန်းဆာ၊ ဒီယာလို စသည့်ကစားသမားများကို ခေါ်ယူထားသောကြောင့် နည်းပြမော်ရင်ဟိုအနေဖြင့် အယ်ရှာဘတ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံနိုင်ဖွယ်ရှိနေပြီး သဘောတူညီမှုရရှိခဲ့ပါက လာမည့်ဗုဒ္ဓဟူးနေ့တွင် ရိုးမားအသင်းနှင့်ကစားရမည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်ကို စတင်တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- ကင်မရွန်းအသင်းက ဆီနီဂေါအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဂိုးသမားအိုနာနာကို အပြစ်တင်ဝေဖန်မှုများကိုရှုတ်ချခဲ့ပြီး အိုနာနာကြောင့် ရှုံးနိမ့်ခဲ့ခြင်းမဟုတ်ကြောင်း နည်းပြရီဂိုဘက်ဆောင်းက ကာကွယ်ပြောကြားခဲ့သည်။
- တိုက်စစ်မှူးဆာလာဟ်အနေဖြင့် ဂါနာအသင်းနှင့်ပွဲစဉ်တွင် ရရှိခဲ့သည့် ကြွက်သားဒဏ်ရာကြောင့် အီဂျစ်အသင်းနှင့်ကစားရမည့် ပွဲစဉ်နှစ်ပွဲခန့်ထိလွဲချော်မည်ဖြစ်ကြောင်း အီဂျစ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။
- ရှက်ဖီးလ်(ဗ)အသင်းက အေဗာတီကိုအသင်း ဂိုးသမား အီဗိုဂါဘစ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

**ML**

### ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၈) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘိုချန် | ၁ | - | ၀ | စတုဂတ် |
| ဒမ်စတက် | ၂ | - | ၂ | ဖရန့်ဖတ် |
| ဟိုဒန်ဟိမ်း | ၁ | - | ၁ | ဝုဖ်ဘတ် |
| ကိုလုံး | ၀ | - | ၄ | ဒေါ့မွန် |
| ဖရိုင်းဘတ် | ၃ | - | ၂ | ဟော့ဖန်ဟိမ်း |

(၀၄၀)

# နာပိုလီအသင်းက ဗီရိုနာတိုက်စစ်မှူး စီရယ်ကို ပြောင်းရွှေ့ကြေး ယူရို ၁၈ သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့ကြောင်း ကြေညာ

**ရောမ ဇန်နဝါရီ ၂၀**

နာပိုလီအသင်းသည် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဗီရိုနာအသင်းတိုက်စစ်မှူး စီရယ်ကို ပြောင်းရွှေ့ကြေး ယူရို ၁၈ သန်းဖြင့် ခေါ်ယူခဲ့ပြီး လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၂၃ နှစ်ရှိတိုက်စစ်မှူး စီရယ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဗီရိုနာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၂၀ ပါဝင်ခဲ့ရာ သွင်းဂိုးခြောက်ဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ်ထိပြုလုပ်နိုင်ခဲ့သောကြောင့် နာပိုလီအသင်းက တိုက်စစ်ပိုင်းအားနည်းမှုကို ထပ်မံဖြည့်တင်းရန် ယူရို ၁၈ သန်းထိပေးချေကာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

စီရယ်သည် လက်ရှိအပြောင်းအရွှေ့ဈေးကွက်တွင် ယူရို ခြောက်သန်း တန်ကြေးသာရှိသော်လည်း ၎င်းကို အေစီမီလန်၊ အေဗီလာနှင့် ဖီအိုရင်တီးနားအသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းလာမှုကြောင့် နာပိုလီအသင်းက ယူရို ၁၈ သန်းထိပေးချေကာ ဆေးစစ်မှုအောင်မြင်ခဲ့သဖြင့် အပြီးသတ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး အဆိုပါပြောင်းရွှေ့ကြေးတွင် ကစားသမားအတွက် အပိုဆုကြေးပါဝင်ခဲ့ခြင်းမရှိကြောင်း သိရသည်။




ဗီရိုနာအသင်းနည်းပြ ဘာရိုနီက "အသင်းအနေနဲ့အဓိက ကစားသမားတစ်ဦးကို ဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ အသင်းရဲ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်နေတဲ့အချိန်မှာ နာပိုလီအသင်းရဲ့ ကမ်းလှမ်းမှုကို ငြင်းဆိုလို့ မရခဲ့ပါဘူး။ လက်ရှိမှာတော့ အသင်းအနေနဲ့စီးရီးအေမှာ ဆက်လက်ကစားခွင့်ရဖို့အတွက်သာ အာရုံစိုက်ဖို့လိုအပ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# အသုံးလုံးဖခင် ဆရာကြီးဦးသံဗျင်

အောင်ကြည်ညွှန့်(တက္ကသိုလ်)



အသုံးလုံးဖခင် ဆရာကြီးဦးသံဗျင်

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်က သတင်းစာများတွင် နိုင်ငံတော်ကချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ရဟန်းတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ လူပုဂ္ဂိုလ်များ၊ စစ်ဘက်၊ နယ်ဘက်၊ ရဲဘက်မှပုဂ္ဂိုလ်များ အသီးသီးရရှိသည်ကို ဖတ်ရှုရသည်။ မိမိတို့နှင့်ချစ်ခင်ရင်းနှီးသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များပါဝင်သည်ကို တွေ့ရလျှင် ဝမ်းသာကြည်နူးဂုဏ်ယူပြီး ပီတိဖြစ်ရသည်။

ထိုသို့ နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရာတွင် ပညာရေးအတွက် အထူးခြားဆုံးပုဂ္ဂိုလ်ကြီးများကို တွေ့ရှိရသဖြင့် အတိုင်းမသိဝမ်းသာမိသည်။

အထူးသဖြင့် ပညာရေး၊ အသုံးလုံးစီမံကိန်းကြီး ရှေ့ဆောင်စတင်ခဲ့သူ "အသုံးလုံးဖခင် ဆရာကြီးဦးသံဗျင်"ဟူ၍ပင် ပြောစမှတ်ပြုရသော ဆရာကြီးဦးသံဗျင်သည် သိပ္ပကျော်စွာဘွဲ့ ရရှိခဲ့သည်။

ထို့ပြင် စာမတတ်သူပပျောက်ရေး တစ်နည်းအားဖြင့် အသုံးလုံးစီမံကိန်းကြီးစတင်သည့် ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ မြန်မာနိုင်ငံ စာတတ်မြောက်ရေးဗဟိုကော်မတီအတွင်းရေးမှူး ဆရာကြီးဒေါက်တာသန်းဦးကို နိုင်ငံတော်က ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခဲ့သည်။

ဆရာကြီးဒေါက်တာသန်းဦးသည် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ရရှိခဲ့သည်။ ဆရာကြီးသည် ၁၉၉၉ ခုနှစ်က မြန်မာနိုင်ငံ ပညာရေးသမိုင်းစာအုပ်ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သည်။

ဆရာကြီးဦးသံဗျင် စတင်ဦးဆောင်ပျိုးထောင်ပေးခဲ့သော အသုံးလုံးလှုပ်ရှားမှုကြီးတွင် ပထမဆုံးလုပ်အားပေးဆရာများဖြစ်သည့် ရန်ကုန်ကံဘဲ့ဆရာအတတ်သင်ကျောင်းသား လေးဦး(၁၉၆၄)ဖြစ်သော ဦးသန်းရှိန်၊ ဦးစန်းမြင့်၊ ဦးသန်းမြင့်၊ ဦးလှအုန်းတို့လည်း လူမှုထူးချွန်တံဆိပ် (ပထမဆင့်)ရကြသည်။

ထို့ပြင် မြန်မာနိုင်ငံစာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအဖွဲ့ဥက္ကဋ္ဌ (မြန်မာစာ ပါမောက္ခငြိမ်း) ဆရာကြီးဦးမျိုးသန့် အချိန်ပြည့်အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့၊ ပညာရေးဝန်ကြီးဌာနသည်လည်း အသုံးလုံးလှုပ်ရှားမှုတွင် ကျောင်းသားဘဝ၊ ဆရာဘဝ တစ်လျှောက်ပါဝင်ခဲ့သည့်အတွက် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)ရရှိခဲ့သည်။

မိမိတို့အတွက်မူ ဤဘွဲ့ထူးဂုဏ်ထူးပေးပွဲကြီးတွင် ဆရာကြီး ဦးသံဗျင်နှင့် အသုံးလုံးသူရဲကောင်းများအတွက် နိုင်ငံတော်ကချီးမြှင့်ခြင်းဟုပင် ဆိုလောက်သည်။

**အသုံးလုံးအစ ကံဘဲ့ဆရာအတတ်သင်က**

ဆရာကြီးဦးသံဗျင်သည် ပညာရေးဝန်ကြီးဌာန အထူးအရာရှိအဖြစ် တာဝန်ယူစဉ် အသုံးလုံးစာသင်နည်း 'ဝထကလသ'ကိုတီထွင်ပြီး ဆရာအတတ်သင် သင်တန်းသားလေးဦးဖြစ်သည့် ဦးသန်းရှိန်နှင့် သူငယ်ချင်းသုံးဦးသည် မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာတွင် နွေရာသီတစ်လလုံး အသုံးလုံးသင်တန်းစခဲ့ခြင်းဖြစ်သည်။ ပြည်သူနှင့်အတူနေ၊ ပြည်သူနှင့်အတူစား၊ ပြည်သူ့ဘဝလေ့လာရေး၊ အသုံးလုံးစိတ်ဓာတ်ကို စတင်အမွေပေးလိုက်ခြင်းဖြစ်သည်။

အဖွဲ့ခေါင်းဆောင် ဦးသန်းရှိန်၏ အစီရင်ခံစာကိုအခြေပြု၍ ဆရာကြီးဦးသံဗျင်က ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာညီညီထံ တင်ပြသည်။ ဒုတိယဝန်ကြီးက ပညာရေးဝန်ကြီးဌာန တာဝန်ခံ ဗိုလ်မှူးကြီးလှဟန်ထံ ဆက်လက်တင်ပြသည်။ တာဝန်ခံကြီးက ဆရာကြီးဦးသံဗျင်ကိုခေါ်ယူတွေ့ဆုံပြီး စာတတ်မြောက်ရေးစီမံကိန်းကြီးက ငွေကြေးအလွန်ကုန်မည့်စီမံကိန်းကြီးဖြစ်ကြောင်း၊ တော်လှန်ရေးကောင်စီတက်ခါစဖြစ်ပြီး ဘတ်ဂျက်မရှိသေး၍ မသုံးနိုင်သေးကြောင်း၊ ဤစီမံကိန်း လောလောဆယ်တွင် မဖြစ်နိုင်ကြောင်း ရှင်းပြသည်။

ဆရာကြီးဦးသံဗျင်က ငွေကြေးမကုန်ကျစေဘဲ စီမံကိန်းလုပ်နိုင်လျှင် လုပ်ခွင့်ပေးပါရန် နှုတ်ဖြင့်တင်ပြပြီး စီမံချက်အသေးစိတ်ရေးဆွဲကာ ပညာရေးဝန်ကြီးဌာနသို့ တင်ပြလိုက်သည်။ များမကြာမီ ပညာရေးဝန်ကြီးက ခွင့်ပြုပေးလိုက်သည်။

၁၉၆၄ ခုနှစ်မှ ၁၉၆၉ ခုနှစ်ထိ ကျေးရွာရပ်ကွက်များတွင် အသုံးလုံးသင်တန်းများ စမ်းသပ်ဖွင့်လှစ်သုတေသနပြုသည်။ ၁၉၇၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ စာတတ်မြောက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ ဆရာကြီးဦးသံဗျင်မှာ ဗဟိုကော်မတီဝင်ဖြစ်ပြီး ဆရာကြီးဦးသန်းဦးမှာ ဗဟိုကော်မတီအတွင်းရေးမှူးဖြစ်သည်။ သက်ကြီးစာပေပြုစုရေးကော်မတီတွင်လည်း ဆရာကြီးဦးသန်းဦးနှင့် ဆရာကြီးဦးသံဗျင်တို့ ပါဝင်သည်။

ဆရာကြီးဦးသံဗျင်သည် ကျေးလက်ပြည်သူများကို အသုံးလုံး 'ဝထကလသ' သင်ရန် လုပ်အားပေးဆရာများလိုသည်ကို မိမိတို့၏သားသမီးများဖြစ်သော တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းသား၊ ကျောင်းသူများကိုအမာခံယူ၍ စည်းရုံးလှုပ်ရှားဆောင်ရွက်နိုင်ခဲ့သည်။

၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ် ၂၄ နှစ်တာကာလတွင် လုပ်အားပေးကျောင်းသား၊ ကျောင်းသူပေါင်း သုံးသိန်းခန့်က ပြည်သူပေါင်း နှစ်သန်းငါးသိန်းခန့်ကို စာတတ်မြောက်စေခဲ့သည်။ ထိုစဉ်က ဖွဲ့စည်းထားသော ပါတီကောင်စီနှင့် ရပ်ရွာဒေသမှ စေတနာရှင်၊ အလှူရှင်များ၊ လုပ်အားပေးဆရာ၊ ဆရာမများ ပါဝင်သည်။

၁၉၆၉ ခုနှစ်တွင် မိတ္ထီလာခရိုင်လုံးကျွတ် စာတတ်မြောက်ရေးစီမံကိန်းကြီး စတင်အကောင်အထည်ဖော်ရာတွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဦးရေ ၇၀ ပါဝင်သည်။

**စာပေကျေးဇူး**

၂၀၂၃ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်သော နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် ကြေးမုံသတင်းစာ၌ မန္တလေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာမောင်သင်းက ဆရာကြီးဦးသံဗျင်၏သမိုင်းကြောင်း၊ ကံဘဲ့ဆရာအတတ်သင်မှ သင်တန်းသား ဆရာလေးဦးအကြောင်းကို နှံ့နှံ့စပ်စပ်လေ့လာပြီး နှစ်ရက်ဆက်တိုက် ဆောင်းပါးနှစ်ပုဒ်ကို ပြည့်ပြည့်စုံစုံ ရေးသားလိုက်ပါသည်။

**နိုင်ငံတော်က ဓိတ်ဝင်စား**

နိုင်ငံတော်အကြီးအကဲကလည်း မြန်မာနိုင်ငံတွင် နိုင်ငံတကာ စာတတ်မြောက်ရေးအောင်မြင်ခဲ့မှုနှင့် အောင်မြင်အောင်ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်များကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုရန်လိုကြောင်း မိန့်ခွန်းများတွင် အလျဉ်းသင့်သလို ထည့်သွင်းပြောကြားခဲ့သည်ကို မှတ်သားမိသည်။ သက်ဆိုင်ရာဌာနများက အသုံးလုံးစတင်ခဲ့သည့် ဆရာကြီးဦးသံဗျင်နှင့် ကံဘဲ့သင်တန်းသားလေးဦးကို တိတိကျကျစုံစမ်းခဲ့သည်။ အသုံးလုံးသမိုင်းကြောင်းကို သိမီသူများထံ လိုက်လံချဉ်းကပ်စုံစမ်းခဲ့ရာ သင်တန်းသားလေးဦးအနက် ဆရာကြီးဦးသန်းရှိန် အလယ်တန်းကျောင်းအုပ် အငြိမ်းစား (မိတ္ထီလာမြို့နေ) တစ်ဦးသာ သက်ရှိထင်ရှား အသက် ၈၀ အရွယ်ရှိပြီး နာမကျန်းဖြစ်နေသည်ကို သိရှိရသည်။

**ဆရာကြီးဦးသံဗျင်၏ကိုယ်ရေးအကျဉ်း**

ဆရာကြီးသည် ချောက်မြို့နယ် တွင်းလပ်ရွာတွင် ၁၉၀၄ ခုနှစ်က မွေးဖွားခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သည်။ ဖခင် ဦးဖိုးဆင်မှာ ပိဋကတ်ကျွမ်းကျင်သော ကျမ်းကြီးပေါက် ရဟန်းလူထွက်ဖြစ်ပြီး သီပေါမင်း၏ စာတော်ဖတ်ဖြစ်သည်။ တစ်ဦးတည်းသောသားကို သံဗျင်အမတ်ကဲ့သို့စာတတ်စေချင်၍ မောင်သံဗျင်အမည်ပေးခဲ့သည်။

ဆရာကြီးဦးသံဗျင်သည် ၁၉၂၉ ခုနှစ်တွင် B.Sc ဘွဲ့ရသည်။ အစိုးရအလုပ်မလုပ်၊ ကုမ္ပဏီအလုပ်မလုပ်ဘဲ ကိုယ်ပိုင်ကျောင်းထောင်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ဒေါ်ခင်ကျွေနှင့် လက်ထပ်သည်။ ၁၉၃၅ ခုနှစ်တွင် ညောင်လေးပင်မြို့ အမျိုးသားကျောင်းတွင် အထက်တန်းပြဆရာ၊ ၁၉၃၈ ခုနှစ်တွင် မော်လမြိုင် နော်မံကျောင်းတွင် သိပ္ပံဆရာ၊ ၁၉၄၅ ခုနှစ်တွင် ရေနံချောင်းမြို့ အစိုးရအထက်တန်းကျောင်းအုပ်ကြီးလုပ်ခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ရန်ကုန်မြို့ စမ်းချောင်းရပ် အောင်သပြေလမ်းတွင် အထူးတက္ကသိုလ်ဝင်သင်တန်းကျောင်းဖွင့်သည်။

၁၉၆၃ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန အထူးအရာရှိအဖြစ် ခန့်အပ်ခြင်းခံရသည်။ ကျောင်းသုံးစာအုပ်ထုတ်လုပ်ရေးအရာရှိ၊ တွဲဖက်အရာရှိတာဝန်များ ထမ်းဆောင်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ၊ ပညာကျန်းမာ၊ လူမှုရေးကော်မတီဝင် ဖြစ်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် အလုပ်မှ အနားယူသည်။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့် ရရှိခဲ့သည်။

အငြိမ်းစားယူပြီးနောက် ဆရာကြီးသည် စာရေးဆရာအလုပ်ဖြင့် အသက်မွေးသည်။ ပညာရေးဌာနတွင်ရှိစဉ်က အင်္ဂလိပ်စာသင်နည်း သုတေသနကို ပညာရေးသုတေသနဌာနကစမ်းသပ်ရာ ဆရာမကြီး အီးဝေါ့ဒ်ဗွင်း M.A(USA)၊ ဆရာမကြီး ဒေါ်နှင်းမြကြည် M.Ed(London) တထိကနှင့် ဆရာကြီးဦးသံဗျင်တို့ လေးနှစ်တာ စမ်းသပ်သုတေသနပြုကြသည်။ မြန်မာနိုင်ငံ ကျောင်းသားများနှင့်အသင့်တော်ဆုံးဖြစ်ကြောင်း သုတေသနအစီရင်ခံစာထွက်သည်။ သို့သော် ပြဋ္ဌာန်းခြင်းမပြု၍ မိမိကိုယ်ပိုင်ထုတ်ခွင့်တောင်းရာ ခွင့်ပြုသဖြင့် အသုံးချသဒ္ဒါနည်းသစ် (အင်္ဂလိပ်) အမည်ဖြင့် စာအုပ်ရိုက်နှိပ်ထုတ်ဝေရောင်းချခဲ့ရာ စောင်ရေ ၁၀၀၀၀ ဖြင့် နှစ်ကြိမ်တိုင်တိုင် ရိုက်နှိပ်ခဲ့ရသည်။

ထို့ပြင်-

- သဘာဝသိပ္ပံစာအုပ် (၁၉၄၈)
- စာရိတ္တစည်းကမ်းနှင့်ပညာရေး (ဦးအေးစိုးနှင့်တွဲ၍)
- အက်ဆေးနှင့်ပေးစာများ
- ပဒေသရာဇ်ခေတ်ဦး မြန်မာနိုင်ငံပညာရေးသမိုင်း
- သတ္တမတန်းသမိုင်းပုံပြင်(ပြဋ္ဌာန်းစာ)
- အဋ္ဌမတန်း ဂျီဩမေတြီ(ပြဋ္ဌာန်းစာ)
- သံဗျင်၏သံဗျင်(၁၉၉၃)
- အနုပဋိလောမရုပ်ဝါဒ
- အနတ္တလက္ခဏာသုတ်(ဘာသာပြန်)
- ပတ်ဝန်းကျင်လေ့လာရေး(ပြဋ္ဌာန်း)တို့ရေးခဲ့သည်။

၁၉၆၅ ခုနှစ်မှစ၍ ၁၉၉၀ ပြည့်နှစ်ထိ ပညာတန်ဆောင်၊ ပညာလောကတို့တွင် ဆောင်းပါးပေါင်းများစွာ ရေးခဲ့သည်။ သတင်းစာ၊ ဂျာနယ်များတွင် မြန်မာ၊ အင်္ဂလိပ်ဆောင်းပါးများ ရေးခဲ့သည်။

ဆရာကြီးသည် လူသာသေသော်လည်း နာမည်မသေသောပုဂ္ဂိုလ်ကြီးဖြစ်သည်။ ထိုစဉ်က ပါတီဥက္ကဋ္ဌကြီးက "ဦးသံဗျင်လို ဖြူစင်ရိုးသားတဲ့သူ မင်းတို့ရှာကြည့်အုံး"ဟူ၍ မှတ်ချက်ပေးခံရသူဖြစ်သည်။ ပါတီဗဟိုကော်မတီဝင်ဖြစ်စဉ်က မော်တော်ကားဝယ်ခွင့်ရသော်လည်း မယူခဲ့ကြောင်း သိရသည်။ အိမ်နေထိုင်ခွင့်ပေးသော်လည်း မိမိနေအိမ်တွင်သာနေသည်။ ရန်ကုန်တိုင်း မထသဥက္ကဋ္ဌတာဝန်ယူစဉ် ရုံးကားကို အိမ်သူအိမ်သားများ မသုံးရ၊ အိမ်မှာမထား၊ ဓာတ်ဆီမယူ၊ ရုံးမှာပဲ ကားထားသည်ဟု သိရသည်။ ရုံးကိစ္စသာ ကားသုံးသည်။ အခွင့်အရေး ဘာမျှမယူသော ဆရာကြီးဖြစ်သည်။

အလွတ်ပညာသင်ကျောင်းဆရာ ဦးအုန်းမောင်ကြီး(ရေဦး)က သူ၏တူဖြစ်သူ စာရေးဆရာ ရေဦးမြင့်မောင်ကို "မင်းတို့ ပညာရေးအထူးအရာရှိ ဦးသံဗျင်ဟာ ဌဲ၊ သတ္တိအရာမှာ နှစ်ယောက်မရှိသလို စိတ်ဓာတ်ဖြူစင်ရာမှာလဲ စံတင်လောက်တယ်ကွ။ တကယ်တော့ ကံသုံးပါးသန့်စင်တဲ့ ဆရာပါကွာ"တဲ့။

ဆရာကြီးဦးသံဗျင်သည် လက်ဝဲဝါဒီသမားစစ်စစ်ဖြစ်သော်လည်း ပါဠိနှင့် ဗုဒ္ဓစာပေ၊ ဗုဒ္ဓတရားတော်ကိုထဲထဲဝင်ဝင်လေ့လာကျင့်ကြံကြိုးကုတ် အားထုတ်မှုကြောင့် သိပ္ပံနည်းကျ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်သွားသည်ကိုသိသည့် ဆရာကြီးဒေါက်တာရဲအောင်က လောကုတ္တရာ နိဗ္ဗာန်ကိုရှာခဲ့သည့် လက်ဝဲဝါဒီတစ်ဦးဟုဆိုခဲ့သည်။ ဆရာ ဒေါက်တာညီညီကတော့ မျိုးချစ်စိတ်ဓာတ်ပြင်းပြပြီး မိမိခံယူချက်အတွက် အနစ်နာခံရန် ဝန်မလေးသောပုဂ္ဂိုလ်မျိုးဟု မှတ်ချက်ပေးခဲ့ပါသည်။

**ကိုးကား**

- **ဆရာကြီးဦးသံဗျင် ဂုဏ်ပြုအမှတ်တရစာစုများ(၁၉၀၄-၂၀၁၇)**

❖ ဆရာကြီးဦးသံဗျင်သည် ၁၉၂၉ ခုနှစ်တွင် B.Sc ဘွဲ့ရသည်။ အစိုးရအလုပ်မလုပ်၊ ကုမ္ပဏီအလုပ်မလုပ်ဘဲ ကိုယ်ပိုင်ကျောင်းထောင်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ဒေါ်ခင်ကျွေနှင့်လက်ထပ်သည်။ ၁၉၃၅ ခုနှစ်တွင် ညောင်လေးပင်မြို့ အမျိုးသားကျောင်းတွင် အထက်တန်းပြဆရာ၊ ၁၉၃၈ ခုနှစ်တွင် မော်လမြိုင် နော်မံကျောင်းတွင် သိပ္ပံဆရာ၊ ၁၉၄၅ ခုနှစ်တွင် ရေနံချောင်းမြို့ အစိုးရအထက်တန်းကျောင်းအုပ်ကြီးလုပ်ခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ရန်ကုန်မြို့ စမ်းချောင်းရပ် အောင်သပြေလမ်းတွင် အထူးတက္ကသိုလ်ဝင်သင်တန်းကျောင်းဖွင့်သည်။ ❖

# ၂၀၂၄ ခုနှစ်အတွင်း တွေ့မြင်လာရတော့မည့် ရုရှားနိုင်ငံထုတ် အဆင့်မြင့်ဒရုန်းသစ်များ



S-70 Okhotnik ဒရုန်းကို တွေ့ရစဉ်။

ရုရှားနိုင်ငံသည် ဒရုန်းစစ်ဆင်ရေးနယ်ပယ်တွင် ပြိုင်ဘက်များထက် အမြတ်မ်းသာလွန်နေသင့်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ယခုသီတင်းပတ်တွင် ပြောကြားခဲ့သည်။ ဒရုန်းဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်တွင်အောင်မြင်ရန် ရည်မှန်းချက်များစွာ ကျန်ရှိနေသေးကြောင်းနှင့် ယခုသီတင်းပတ်အတွင်း ရုရှားအရှေ့ဖျား ဖက်ဒရယ်ခရိုင်မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် အတိုက်အခံများထက် ခြေတစ်လှမ်းတိုးထားရန် အရေးကြီးကြောင်း သမ္မတပူတင်က မှတ်ချက်ပြုခဲ့သည်။

ရုရှားစစ်ဘက်ကို ခိုင်မာအားကောင်းစေရန် ယခုနှစ်အတွင်း အဆင့်မြင့်ဒရုန်းသစ်များထပ်မံအင်အားဖြည့်တင်းပေးနိုင်လိမ့်မည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ရုရှားသမ္မတပူတင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါဒရုန်းသစ်များသည် ရုရှားတပ်ဖွဲ့ဝင်များအတွက် ကင်းထောက်မှု၊ တာဝေးပျံသန်းတိုက်ခိုက်မှုများနှင့် တန်ပြန်စစ်ဆင်မှုများအတွက် စွမ်းဆောင်ရည်သစ်များ ပေးအပ်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံထုတ် တိုက်ခိုက်ရေးလက်နက်တိုက်တွင် Lastochka (Swallow) ဒရုန်းများ၊ Upyr FPV ဒရုန်း၊ အဆင့်မြှင့်တင်ထားသော Rusak FPV ဒရုန်း၊ Zhuravl (Crane) UAV Complex နှင့် Kamikaze Copters ဒရုန်းမျိုးစုံပါဝင်လာမည်ဖြစ်ကြောင်း၊ ဆိုဗီယက်ခေတ် ရုရှားစစ်ပြန်တစ်ဦးဖြစ်သူ စစ်ရေးကျွမ်းကျင်သူ ဗိုလ်မှူးကြီး (အငြိမ်းစား) Andrei Koshkin က နိုင်ငံပိုင် Sputnik သတင်းဌာနသို့ ပြောကြားခဲ့သည်။

"ဒီဒရုန်းသစ်တွေအားလုံးကို ယူကရိန်းပဋိပက္ခဇုန်မှာစမ်းသပ်နေပြီး ရုရှားတပ်ဖွဲ့တွေရဲ့ အော်ပရေတာတွေက အကြံပြုချက်တွေ၊ စစ်မြေပြင်မှာရှိတဲ့စစ်သည်တွေရဲ့ အကြံပြုချက်တွေအားလုံး၊ ဒရုန်းတွေအတွက် လိုအပ်ချက်တွေအားလုံးကို ထည့်သွင်းစဉ်းစားပြီး တိုက်ရိုက်အပြန်အလှန်တုံ့ပြန်မှုပုံစံနဲ့ ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်သွားမှာပါ"ဟု ၎င်းက ပြောကြားသည်။

Koshkin က Sukhoi ကုမ္ပဏီက ထုတ်လုပ်ထားသော S-70 Okhotnik (Hunter) နှင့် Inokhodets (Pacing Horse) ဒရုန်း နှစ်မျိုးကို အထူးချီးကျူးခဲ့သည်။ S-70 ဒရုန်းသည် အနည်းဆုံး Payload အလေးချိန် သုံးတန်ထိ သယ်ဆောင်နိုင်ပြီး ၎င်း၏နည်းပညာပိုင်းဆိုင်ရာ ဝိသေသလက္ခဏာများသည် ပဉ္စမမျိုးဆက် ဘက်စုံသုံးတိုက်လေယာဉ်များနှင့် နှိုင်းယှဉ်နိုင်သည်။

"အခြေခံအားဖြင့် ဒါက စစ်မြေပြင်တိုက်ပွဲဝင်တဲ့အခါ အခက်ခဲဆုံး တိုက်ခိုက်ရေးမစ်ရှင်တွေကို ထမ်းဆောင်နိုင်တဲ့ အမျိုးအစားပါပဲ"ဟု ၎င်းက မှတ်ချက်ပြုခဲ့သည်။

ယခုအခါ ရုရှားနိုင်ငံသည် အမေရိကန်၏ ဂုဏ်ယူစရာကောင်းသော Global Hawk ကဲ့သို့ ဒရုန်းများနှင့် တန်းတူဖြစ်သော ဒရုန်းအမျိုးအစားများကို ပိုင်ဆိုင်နိုင်နေပြီဟုလည်း Koshkin က ထုတ်ဖော်ပြောကြားခဲ့သည်။

S-70 ဒရုန်းသည် တန်ချိန် ၂၀ အလေးချိန်ရှိပြီး အကွာအဝေးကီလိုမီတာ ၃၅၀၀ ထိ ဆီဖြည့်စရာမလိုဘဲ လေထဲတွင် တစ်ရက်ကျော်ပျံသန်းနေနိုင်သည်။ Koshkin က Inokhodets ဒရုန်းသည် Orion၊ Orion 10 နှင့် Orion 30 ကဲ့သို့သော Orion ဒရုန်းအုပ်စုအတွက် မှည့်ခေါ်ထားသောအမည်တစ်မျိုးဖြစ်သည်။



Inokhodets ဒရုန်းကို တွေ့ရစဉ်။

ယူကရိန်းပဋိပက္ခဇုန်ရှိ ရုရှားတပ်ဖွဲ့ဝင်များသည် အမြင့် မီတာ ၇၅၀၀၊ အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ ထိ မောင်းနှင်နိုင်ပြီး အလေးချိန် ကီလိုဂရမ် ၁၀၀ ရှိသော FAB-100 ဗုံးကဲ့သို့ Fragmentation ဗုံးများကို သယ်ဆောင်နိုင်သည့် အဆိုပါဒရုန်းများကို အလွန်နှစ်သက်ကြကြောင်း Koshkin က ပြောကြားခဲ့သည်။

Upyr FPV ဒရုန်းများသည် ယူကရိန်းပဋိပက္ခတွင် ရုရှားနှင့် ယူကရိန်းတပ်ဖွဲ့ဝင်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသည်ကိုတွေ့ရှိခဲ့ရသည်။ ရုရှားနိုင်ငံထုတ် Upyr FPV ဒရုန်းများသည် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ နှုန်းထိ အရှိန်မြှင့်ပျံသန်းနိုင်ပြီး တည်ငြိမ်စွာ ထိန်းချုပ်ပျံသန်းနိုင်မှုကြောင့် ရုရှားတပ်ဖွဲ့များအတွက် များစွာအကျိုးများလှသည်။

"Upyr FPV ဒရုန်းဟာ ရန်သူနောက်တန်းခံစစ်စည်းတွေရဲ့နောက် ကီလိုမီတာ ၁၀ ကနေ ၁၂ ကီလိုမီတာထိ မစ်ရှင်တွေကို ပြီးမြောက်အောင်ထမ်းဆောင်နိုင်မှုက အတော်အရေးကြီးပါတယ်။ Upyr FPV ဒရုန်းတွေမှာ အလေးချိန် နှစ်ကီလိုဂရမ်ထိ သယ်ဆောင်နိုင်ပါတယ်။ ဒုံးကျည်တွန်းအားသုံးဗုံးသီး (Rocket-Propelled Grenade) ဒါမှမဟုတ် RKG-3M လက်ပစ်ဗုံးတစ်လုံးကို တင်ဆောင်နိုင်ပါတယ်"ဟု Koshkin က မှတ်ချက်ပြုခဲ့သည်။

ရုရှားနိုင်ငံထုတ် Lastochka ဒရုန်းများသည် အလားတူပုံစံဖြစ်သော အမေရိကန်ထုတ် Switchblade ဒရုန်းများထက် သာလွန်ကြောင်းနှင့် ရုရှားကုမ္ပဏီများသည် ရုရှားစစ်ဘက်၏ ယူကရိန်းစစ်မြေပြင်တွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် Voron၊ Luch နှင့် Veda ကဲ့သို့သော ၎င်းတို့၏ကိုယ်ပိုင်ဒရုန်းအမျိုးအစားများကို တီထွင်ထုတ်လုပ်နေကြကြောင်းလည်း Koshkin က ပြောကြားခဲ့သည်။ Lastochka ဒရုန်းသည် ပေါက်ကွဲခဲယမ်းအလေးချိန် ၁ ဒသမ ၅ ကီလိုဂရမ်ထိ သယ်ဆောင်နိုင်သော အသေးစားတိုက်ခိုက်မှု ဒရုန်းအမျိုးအစားဖြစ်ပြီး ၎င်း၏အားသာချက်များမှာ အဆင့်မြင့်လမ်းညွှန်စနစ်များနှင့် ရိုးရှင်းစွာလွှတ်တင်ပျံသန်းနိုင်ခြင်းဖြစ်သည်။ ဒရုန်းကိုထည့်သွင်း၊ သယ်ယူပို့ဆောင်နိုင်သော ကွန်တိန်နာအတွင်းမှ တိုက်ရိုက်လွှတ်တင်နိုင်သည်။

"အရေးကြီးတာက ဒရုန်းတွေရဲ့စွမ်းဆောင်ရည်ကို အချိန်တိုင်းတိုးတက်နေစေဖို့ပါပဲ"ဟု ၎င်းက မှတ်ချက်ပြုခဲ့သည်။

**ရုရှား၏ ဒရုန်းစစ်ဆင်ရေး**

ရုရှား၏ ဒရုန်းစစ်ဆင်ရေး စွမ်းရည်များတွင် အခြားသော တိုးတက်ဖွံ့ဖြိုးမှုများနှင့်ပတ်သက်၍ Koshkin က ရုရှားကုမ္ပဏီများသည် ဒရုန်းများ၏ အရည်အသွေး၊ ထိရောက်မှု၊ အရေအတွက်စသည့် အခန်းကဏ္ဍများကို အရှိန်မြှင့်တင်ရန် လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

"ဒီနေ့ခေတ်မှာ အနိမ့်ပျံလေယာဉ်တွေ၊ ဒရုန်းတိုက်ခိုက်မှုတွေကို ကာကွယ်နိုင်တဲ့ ပြောင်းနှစ်လက်တပ် စက်အမြောက်တွေလို ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်တွေကို လွှမ်းမိုးထားနိုင်စေဖို့အတွက် ဒရုန်းအများအပြားပါဝင်တဲ့ ဒရုန်းအုပ်တွေနဲ့ ပျံသန်းစစ်ဆင်တဲ့နည်းစနစ်ကိုပါ အသုံးပြုလာနေကြပါပြီဖြစ်ပါတယ်။ အမြောက်တပ်ဖွဲ့၊ တင့်တပ်ဖွဲ့၊ သံချပ်ကာတပ်ဖွဲ့နဲ့ ခြေလျင်တပ်ရင်း၊ တပ်ဖွဲ့တွေအားလုံးအတွက် ဒရုန်းတွေဟာ စစ်မြေပြင်မှာ အားကိုးအားထားပြုရမဲ့ စွမ်းအားစုတွေဖြစ်လာပြီး ထိရောက်စွာ တိုက်ပွဲဝင်နိုင်စွမ်းကိုပါ အဆုံးအဖြတ်ပေးလာနိုင်နေပြီဖြစ်ပါတယ်။ ဒါကြောင့် ခေတ်သစ်စစ်မြေပြင်ဟာ ဒရုန်းတွေ အရေအတွက် ဘယ်လောက်များများကို အဆင့်မြင့်မြင့် ဘယ်လိုအသုံးပြုနိုင်သလဲဆိုတာပေါ် မူတည်ပြီး တိုက်ပွဲအောင်မြင်မှုရလဒ်တွေကို ဆုံးဖြတ် ပေးလာနိုင်ပါတော့မယ်"ဟုKoshkin က ရှင်းလင်းပြောကြားကြောင်း သိရသည်။

ယူကရိန်းပဋိပက္ခဇုန်တွင် ဒရုန်းစစ်ဆင်ရေးသည် အရေးပါလျက်ရှိသည်။ ယူကရိန်းအစိုးရကျောထောက်နောက်ခံပြု အနောက်နိုင်ငံများက ပံ့ပိုးကူညီသူများအနေဖြင့် စစ်ဆင်ရေးဇရိယာအချို့တွင် ရုရှားဘက်၌ ဒရုန်းအသုံးပြုတိုက်ပွဲဝင်နိုင်မှု



Upyr FPV ဒရုန်းကို တွေ့ရစဉ်။

လုံးဝသာလွန်နေကြောင်း သတိပြုမိခဲ့ပြီး ၎င်းပြဿနာအပေါ် ဖြေရှင်းရန် ၂၀၂၄ ခုနှစ်အတွင်း ကြိုးပမ်းလာနိုင်ဖွယ်ရှိကာ ဒရုန်းများထပ်တိုးပေးအပ်လာနိုင်ဖွယ်ရှိကြောင်း၊ ရုရှားဘက်ကလည်း တန်ပြန်ဆောင်ရွက်နိုင်မည့် အစီအမံများ ကြိုတင်လုပ်ဆောင်ထားရမည်ဖြစ်ကြောင်း Koshkin က အကြံပြုခဲ့သည်။

ရုရှား၏ Geranium ဒရုန်း နောက်ဆုံးထွက်ဗားရှင်းများတွင် ရေဒါရှောင်ကွင်းနိုင်သော Special Coating အသုံးပြုထားကြောင်း၊ ဒရုန်းတစ်စင်းလုံးကို ရေဒါလှိုင်းများ ပျံ့နှံ့ဖြာထွက်သွားစေရန် အထူးသုတ်ဆေး (Special Coating) အသုံးပြုထားသည့်အတွက် ရန်သူ၏တန်ပြန်ပစ်ချခံရနိုင်ခြေလျော့နည်းကာ ပိုမိုထိရောက်စွာ တိုက်ပွဲဝင်နိုင်မည်ဖြစ်ကြောင်း ရုရှားစစ်သိပ္ပံအကယ်ဒမီမှ အကြီးတန်းသုတေသီ ဗလာဒီမာပရော့ခ်ဗာတီလော့ဗ်က ထုတ်ဖော်ပြောကြားခဲ့သည်။

**Which Deadly and Sophisticated New Drones Will Russia Roll Out in 2024? ကို ဘာသာပြန်ဆိုထားပါသည်။**

**မျိုးခိုင်(ရေနံချောင်း)**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing meets Tatmadaw members and families from Pathein Station of South-West Command


Senior General Min Aung Hlaing meets Tatmadaw members and families from Pathein Station.

**Nay Pyi Taw January 20**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met with officers, other ranks and their families from Pathein Station of South-West Command this afternoon at the Ayeyawady Hall of the command.

Together with the Senior General were his wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Vice Admiral Zwe Win Myint and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from the Office of the Commander-in-Chief and their wives, South-West Command Commander Brig-Gen Wail Lin and officials.

Speaking at the meeting, the Senior General said the SAC is carrying out national duties after laying down future plans and objectives. The vote rigging that occurred in the multi-party democratic election in 2020 was not resolved in accordance with the law, and what's more the State power was taken by force. Therefore, the Tatmadaw had to assume State duties after declaring a state of emergency following the situation. Preliminary processes are being carried out to hold a free and fair multi-party democratic general election in order to hand over State duties to the government that will emerge.

Since October 2023, there have been ethnic armed conflicts in the northeastern region. What is happening is that they are trying to get the power by a short cut instead of doing it to get the power in accordance with the law. Since the country is adopting a multi-party democratic system that the entire people want, democratic practices and methods must be respected.

The Tatmadaw is an organization that is primarily responsible for national defense. Each soldier must be ready. In order to carry out defense duties, individuals must be physically fit and must be trained to be always ready for combat, as appropriate for their age. They need to do the exercises they should. It is necessary to develop the spirit of a good soldier while serving their duties, and to effectively apply the military skills that have been taught in the practical field. Just as they need to be able to handle and use the weapons they carry professionally, they also need to constantly train in order to maintain their health and fitness.

As military personnel, they must live and behave themselves in accordance with military rules, and they need to avoid working and living that may harm individuals and organizations. Because of the pleasures of drinking, their individual capacities and their families and their organizations should not be affected. With individual awareness, they must build themselves by maintaining and living rationally.

Everyone wants to progress and pass through life successfully. They must act by living well for themselves and their environment by living and working in a systematic manner to improve their individual success. They need to understand that for every effort, there will be opportunities that are worth it. By living well for oneself, one's family also has good behavior and good practices. Just as their parents brought them up to be good people, they must be able to develop a good future for their children to live well throughout their lives. They must be able to teach good academics and show them the right path for them to be able to stand and walk on their own feet after completing their education. They must show a correct path. They need to make efforts to make sure that their children live a better life than themselves.

For officers, other ranks and their families, if they constantly study and read books that can increase their knowledge, they will be able to reap benefits. The light of knowledge obtained from reading and studying can provide a lot of support for the progress of life, and one must bring light and the right path to one's family and environment. As the Tatmadaw is encouraging the education of Tatmadaw members and their families, they must take advantage of this opportunity and strive to improve their knowledge and skills.

They came from various fields and joined the military, where they have become like brothers and sisters. Therefore, they need to live together in a brotherly and a family spirit. They need to follow the orders and duties given to them. Leaders must be able to create a good environment for their subordinates and their families and have a balanced governance model. As good commanding officers, they must be able to command and rule with a fatherly spirit. All officers, soldiers and their families should live together in harmony and fulfill the duties assigned by the State and the Tatmadaw, said the Senior General. He then asked about the needs of Tatmadaw families.

Afterwards, the Senior General presented foodstuffs for Tatmadaw families to the commander and the Senior General's wife cash awards for the station maternal and child welfare association to the commander's wife.

After the meeting, the Senior General and party cordially greeted the Tatmadaw officers, other ranks and their families. 100


Senior General Min Aung Hlaing greets Tatmadaw members and families from Pathein Station.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets Region-level departmental officials of Ayeyawady Region and local elders and discusses regional development


Senior General Min Aung Hlaing meets departmental officials and local elders of Ayeyawady Region.

**Nay Pyi Taw January 20**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met Region-level departmental officials of Ayeyawady Region and local elders this morning.

The Senior General and party arrived at Pathein airport in the region and were welcomed by Chief Minister U Tin Maung Win, South-West Command Commander Brig-Gen Wai Lin and officials.

**Pathein airport upgrading program in progress**

At the briefing hall of the airport, SAC member Union Minister for Transport and Communication General Mya Tun Oo, the chief minister and officials reported on a brief history of the airport, and upgrading of the airport and runway in accord with the guidance of the Head of State.

In response, the Senior General said the upgrading project is for the progress of the local and foreign tourist industry. The region has natural beauties including famous beaches, local food and other advantages. Roads in the region will also be upgraded, apart from the airport.


Senior General Min Aung Hlaing hears report on regional development.

Sustainability and safety must be prioritized in stage by stage upgrading the airport and runway.

The Senior General and party met region-level officials and local elders at the Ayeya Shwewa Hall of the region government office.

Also present at the meeting together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo, SAC members General Mya Tun Oo, Lt-Gen Nyo Saw, Mahn Nyein Maung, and Dr Ba Shwe, union ministers U Min Naung, U Hla Moe, U Khin Maung Yi, U Myo Thant, and Dr Nyunt Pe, the chief minister, senior military officers from Office of Commander-in-Chief, the South-West Command commander.

**Reports on progress of work and requirements in the region**

The chief minister reported on functions of the local government, ongoing farming businesses in the region and success, salt production and marketing, farming-based production industries run with the financial aid from national economic promotion fund, setting up of conservation areas, environmental conservation programs supported by collective tree-growing activities, undertakings to increase electricity supply and improve road transport, health and education promotion undertakings, plans to develop local tourism industry and other matters.

Local elders presented a report on upgrading of two bailey bridges on Pathein-Chaungtha and Pathein-Ngwehsaung roads, establishment of a haulage centre at the entrance of Pathein to further facilitate trade, upgrading of Yangon-Pathein road and other requirements.


Senior General Min Aung Hlaing gives guidance on regional development.

**Ministry-wise clarifications on presentations**

In response to the presentations, union ministers U Min Naung, U Hla Moe, U Khin Maung Yi, U Myo Thant, and Dr Nyunt Pe, explained ministry-wise programs to look into their requirements, ongoing ministry-wise arrangements and support for the success of farming-based production industries in the relevant regions and states, establishment cooperative societies and provision of necessary inputs, technology, machines and capital and marketing strategies for socioeconomic development and income generation in rural areas, success of production businesses based on raw materials derived from forest resources including wood, bamboo, rattan in Ayeyawady Region, benefits for regional development through the use of modern means in producing salt for export as the region is the main supplier for local salt demand, long-term plans and annual budget allotments for upgrading bailey bridges on Pathein-Chaumgtha and Pathein-Ngwehsaung roads and Yangon-Pathein road, and undertakings to fulfill the needs of education staff and improvement of schools in the region.

**A reliable region for country that has favourable foundation and geographical conditions**

In his discussions, the Senior General said Ayeyawady Region is a reliable region for the country as it possesses good geographical conditions and foundations. The region has the largest student population and highest pass rate. So, it has good foundations for the future. As local elders already have a lot of experience, they should set up groups that are beneficial for the region and that will maintain the good foundations. In this way, the region will achieve further development.

Pathein Airport will be upgraded for the development of the area, and plans are being made to allow international flights to land. It will be necessary for the regional urban development to be organized in a systematic way. Communication routes will be upgraded for the development of tourism in the region, so that the towns and villages on the routes are orderly and cleanliness needs to be carried out. Urban projects need to be systematic. Looking at the benefit of the region and the country, we want to plan for the future, not just to be convenient for a certain period of time.

In the past, the Pathein area mainly used the sea to trade goods. At present, it is being planned to further develop maritime transport and maritime trade. It is needed to make use of the train transportation in the area. There are transportation by air, transportation by sea, transportation by vehicle and transportation by railway, and transportation by railway and using train can transport many passengers to their destinations at a low cost, as well as large quantities of goods can be transported to various regions of the railway network in a short period of time at the lowest cost. So we need to use the train transport system effectively.

He said that the agricultural and livestock activities in Ayeyawady Region are being carried out successfully and productively. We need to make efforts to ensure that the agricultural products meet the target, and rather than expanding the acreage, we want to improve the yield and succeed in replanting. We can't just use traditional farming methods, but use modern farming techniques to be successful. In carrying out agricultural activities, we need factors such as good breeds and land, having enough water and planting in a systematic way, and we need to be able to use the good irrigated soil of the region. In our country, farming is done in small plots, so by implementing the minimum acre plots, we will be able to implement the industrial farming system, and the yield will also improve. If the land is properly prepared and the fields are planted, the yields will be good. The state will provide what is needed, so the residents and entrepreneurs really need to work and succeed.

Similarly, Ayeyawady Region already has the resources to successfully carry out fish farming activities. There is a great demand for meat and fish in the country, and fish farming businesses that can be sold at a reasonable price for people to consume, in addition to livestock animals such as chicken, pork, duck, goat, buffalo and cattle.

We want them to pay attention and invite entrepreneurs who want to do it as the Ayeyawady Region is

*See Page 14*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects Pathein University




Senior General Min Aung Hlaing hears report on facts about and educational activities of Pathein University.

**Nay Pyi Taw January 20**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage, the chief minister of Ayeyarwady Region and the commander of the Southwest Command, inspected Pathein University in Pathein this morning.

First, the Senior General and party was cordially welcomed by Union Minister for Education Dr Nyunt Pe, Rector Dr Than Tun of Pathein University, pro-rectors and faculty members. Then, the Senior General and party inspected the convocation hall and gave necessary instructions on reports of officials.

Afterward, the Senior General met with the rector, pro-rectors and faculty members at the meeting hall of the university and the rector reported to the Senior General on educational activities of the university including salient points of the university, courses, diplomas and degrees offered by the university, students learning respective academic disciplines, appointments of faculty members and management staff, construction of hostels for students, faculty members and food and accommodation provided and construction of the library and teaching buildings.

Then, Union Minister for Education Dr Nyunt Pe reported to the Senior General on the needs for teaching and learning aids of the university while the chief minister reported on tasks carried out for pleasantness and cleanliness of and around the university.

Afterward, the Senior General discussed tasks necessary for the development of the education sector, saying the university has been in existence for 65 years and must be able to keep abreast of Yangon University and Mandalay University in terms of teaching. As university education is meant for acquisition of knowledge, efforts must be made to teach students to enable them to stand on their own feet in their lives conveniently. The environment of basic education primary and high schools is quite different from that of university and university education is meant not only for academic disciplines but also for social relations with the society. In carrying out teaching and learning tasks at the basic education level, the emphasis is placed on teaching while the emphasis is shifted on studying at the higher education level. Thinking skills acquired from experience and knowledge during the university environment must be applied in real lives successfully. Therefore, efforts must be made to teach students systematically to enable them to acquire correct thinking and academic disciplines by placing emphasis on instilling fine fundamental spirit in them.

The emphasis must be placed on nurturing qualified graduates who are competent in their respective academic subjects. Faculty members who are responsible for teaching are required to study consistently to meet their qualifications. Only when faculty members are well versed in their academic discipline, will they be able to nurture outstanding students who will be able to apply their knowledge in their real lives practically.

As today is the era of democracy, they are required to abide by the law and discipline and to possess economic knowledge for economic development. Therefore, law courses are offered at every university with the aim of enabling human resources who will lead the country in the future to be competent in the academic discipline.

Similarly, basic economics courses are offered with the aim of enabling them to acquire economic concepts. Our objective is to empower graduates who have studied at universities to make their socioeconomic lives and environment better. It is necessary to promote teaching arts of thinking to cultivate competent philosophers, who make up an essential sector, in addition to nurturing scientists for development of the country.

As the university has been in existence for a long time and is a prestigious one, it must be able to be proud of its graduates and to nurture outstanding ones in their fields. Prestige and magnificence of the university must be enhanced so that students who have studied there can be proud of their alma mater. As university is a place of learning, its libraries must offer a variety of books from various fields.

The government has been promoting education from multiple sectors and offering academic support. It is necessary to perform duties for the country rather than for the government, which has assumed responsibilities of the state temporarily. Public service personnel are responsible for the country all their lives. A government implements its policies for the betterment of the country and public service personnel are required to perform their duties for the betterment of the country. Therefore, faculty members are required to perform their duties responsibly not out of political perspectives but out of perspectives for the interests of the country to nurture educated human resources for the country.



Senior General Min Aung Hlaing greets the rector, pro-rectors and faculty members of Pathein University.

Then, the Senior General cordially greeted the rector, pro-rectors and faculty members.

Afterward, the Senior General and party inspected the library and the university and gave necessary instructions on reports of the officials.

100

---

*From Page 13*

a region where businesses that can meet the needs of the local market and foreign import substitution activities based on agriculture and livestock. Regarding foreign imports, as we did not encourage domestic production in the country in the past, we had to import a lot of goods from abroad, resulting in trade deficits. If we really work to encourage domestic manufacturing, we will be able to reduce foreign imports and foreign currency spending. Therefore, looking at the benefit of the country and regional benefit, domestic production is needed to be successful.

Industrial products based on timber, bamboo and rattan in Ayeyawady Region can be successfully carried out, and the state is also encouraging it. On the other hand, we need to carry out restoration activities for continuous supply of materials obtained from nature. We also need to plant trees and forests in the region. Natural disasters are inevitable and can be overcome with minimum damage if prepared and faced when they occur. As mangroves can protect from natural disasters, we need to plant as many trees as possible along the coast and in the region. We need to produce timber, bamboo and rattan successfully.

To make a comprehensive effort with a broad vision in bringing about the benefit of the region and national interest

Regarding health, we need to live in harmony with our health as much as we can, and the state is fulfilling the needs of local health workers as far as possible. Only when an individual is healthy and strong will they be able to work more for socio-economic development. By taking care of oneself and living in good health, one can save the money that will be spent on health. Department officials, township elders and locals need to act with a broad vision and everyone must work together to do it in bringing about the benefit of the region and the national interest, the Senior General said.

After the meeting, the Chairman of the State Administration Council Prime Minister and the members warmly greeted the attendees.

After that, it was reported that the Chairman of the State Administration Council Prime Minister and the members went around in vehicles to inspect the roads and bridges, urban developments, the Ayeyawady International Industrial Port and industrial zones in Pathein Township.

100

# ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၁၃၂၁၆ ဧက ရိတ်သိမ်းပြီးစီး



**မြောင်းမြ ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၁၃၂၁၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧက လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မိုးစပါးလျာထားဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရိတ်သိမ်းပြီးဖြစ်သည့် မိုးစပါးတစ်ဧကလျှင် ၉၀ ဒသမ ၈၆ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၂၁၃၂၁၆ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မိုးစပါးတွေကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ လောက်ကနေ ရိတ်သိမ်းခဲ့ပါတယ်။ ဒီနေ့ထိ မိုးစပါးလျာထား ၂၁၃၂၁၆ ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ ရိတ်သိမ်းခဲ့တဲ့စပါးတွေ တစ်ဧကချင်း အထွက်နှုန်းကောင်းခဲ့သလို စပါးအရည်အသွေးလဲ ကောင်းခဲ့ပါတယ်။ တောင်သူတွေစိုက်ပျိုးတဲ့မိုးစပါးအထွက်နှုန်း ကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးထားပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧကတွင် ဆင်းသုခ၊ ပခမ်းရောမင်း၊ မော်ဘီ ၁၊ ထိုင်းဘေးကျား၊ ရက် ၉၀၊ နှံကား၊ မော်ဘီ ၃၊ နယူးဧက ၁ စသည့်စပါးများ အများဆုံးစိုက်ပျိုးခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# သီပေါမြို့နယ် မိုင်းလင်း-နားပေါင်း-ဖတ်တုတ်-နားကြိုင်း-ပန်မိတ်လမ်း၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သီပေါ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မိုင်းလင်း-နားပေါင်း-ဖတ်တုတ်-နားကြိုင်း-ပန်မိတ်လမ်း၌ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၄၀ ဒသမ ၅၇၅ သန်းဖြင့် ဆောင်ရွက်သည့် သီပေါမြို့နယ် မိုင်းလင်း-နားပေါင်း-ဖတ်တုတ်-နားကြိုင်း-ပန်မိတ်လမ်း၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သီပေါမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဒေါ်မြစန္ဒာက လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းပြသရာ ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



သီပေါမြို့နယ် မိုင်းလင်း-နားပေါင်း-ဖတ်တုတ်-နားကြိုင်း-ပန်မိတ်လမ်း၌ လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို သီပေါမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် RTB ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန် ၂၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်းခင်းခြင်း ပြီးစီးမှုကြောင့် ဒေသမှထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်တိုအတွင်း ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ပွင့်ဖြူမြို့နယ် ထူးပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထူးပေါက်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလက်သိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် မိမိရပ်ရွာရှိ ဒေသခံပြည်သူများ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့်စီမံကိန်းရန်ပုံငွေ စာရင်းဇယားများကို စနစ်တကျ မှတ်တမ်းပြုစုထိန်းသိမ်းဆောင်ရွက် လုပ်ကိုင်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ထူးပေါက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၉ ဦးကို ငွေကျပ် ၃၉ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၂၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၄၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၀-၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ငွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၇၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံ အမှာစကားပြောကြားစဉ်။

☆ **ကျောဖုံးမှအဆက်**

တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ နိုင်ငံတော်တာဝန်များကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးပါက ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေးကို ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ အရှေ့မြောက်ပိုင်းဒေသတွင် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုသို့ဖြစ်ပေါ်နေခြင်းမှာ အာဏာကို ဥပဒေနှင့်အညီ ရရှိနိုင်ရန်ဆောင်ရွက်ခြင်းမပြုဘဲ ဖြတ်လမ်းနည်းဖြင့် ရယူရန်ကြိုးပမ်းလာခြင်းပင်ဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံသည် ပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သည့်အတွက် ဒီမိုကရေစီကျင့်စဉ်နှင့် နည်းလမ်းများကို လေးစားလိုက်နာရန်လို**ကြောင်း။

**အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ် . . .**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၏ဇနီးက လက်ခံရယူစဉ်။

ထမ်းဆောင်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်က နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အကြိုလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစဉ်များပြီးစီး၍ လွတ်လပ်၍တရားမျှတသည့် အရှေ့မြောက်ပိုင်းဒေသတွင် ...

**တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် အဖွဲ့အစည်းအလိုက်၊ စစ်သည်တစ်ဦးချင်းစီအလိုက် အသင့်ရှိနေရမည်ဖြစ်**ကြောင်း၊ **ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်အတွက် တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှုရှိနေရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက် လေ့ကျင့်နေရမည်**ဖြစ်ကြောင်း၊ အသက်အရွယ်အလိုက် လုပ်သင့်လုပ်ထိုက်သည်၊ ရှိသင့်ရှိထိုက်သည့် လေ့ကျင့်ခန်းများကို ဆောင်ရွက်နေရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် စစ်သားကောင်းစိတ်ဓာတ်မွေး၍ နေထိုင်ကျင့်ကြံဆောင်ရွက်ကြရန်နှင့် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာအသုံးချရန်လိုကြောင်း၊ မိမိတို့ကိုင်ဆောင်သည့် လက်နက်များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန်လိုအပ်သကဲ့သို့ ကျန်းမာကြံ့ခိုင်မှုများရှိနေ စေရေးအတွက်လည်း အမြဲမပြတ်လေ့ကျင့် ဆောင်ရွက်နေရန်လိုကြောင်း။

တပ်မတော်သားများ အနေဖြင့် စစ်စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကို ရှောင်ကြဉ်ကြရန်လိုကြောင်း၊ အသောက်အစားအပျော်အပါးများကြောင့် မိမိတို့တစ်ဦးချင်း စွမ်းဆောင်ရည်များနှင့် မိမိတို့၏မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း ကိုယ်စီအသိတရား၊ ဆင်ခြင်တုံတရားများဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် မိမိကိုယ်မိမိ တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

လူတိုင်းသည် တိုးတက်မှုကိုလိုလားကြပြီး ဘဝဖြတ်သန်းမှုတွင် အောင်မြင်စွာဖြင့် ဖြတ်သန်းလိုကြကြောင်း၊ မိမိတို့တစ်ဦးချင်းအလိုက် အောင်မြင်တိုးတက်စေရေး မိမိကိုယ်ကို မိမိစနစ်ကျနစွာနေထိုင်လုပ်ကိုင်ခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ မိမိကိုယ်ကိုနှင့် မိမိပတ်ဝန်းကျင်ကို ကောင်းမွန်အောင် နေထိုင်ခြင်းတို့ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုတိုင်းအတွက် ထိုက်သင့်သည့် အခွင့်အလမ်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်ကို နားလည်သဘောပေါက်ကြရန်လိုကြောင်း၊ မိမိကိုယ်ကို ကောင်းအောင်နေထိုင်ခြင်းဖြင့် မိမိမိသားစုတွင်လည်း ကောင်းမွန်သည့် အမူအကျင့်များ၊ အလေ့အကျင့်ကောင်းများရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့ကို မိဘများက လူလားမြောက်အောင် ပြုစုပျိုးထောင်ပေးခဲ့သကဲ့သို့ မိမိတို့၏ သားသမီးများကိုလည်း ၎င်းတို့၏ ဘဝတစ်လျှောက် ကောင်းမွန်စွာရပ်တည်နေထိုင်နိုင်ရေး အနာဂတ်ကောင်းကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ပညာရပ်များ သင်ကြားပေးနိုင်ရမည်ဖြစ်ပြီး အတန်းပညာများပြီးမြောက်၍ ၎င်းတို့၏ဘဝလမ်းကို ၎င်းတို့ခြေထောက်ပေါ်၌ ကိုယ့်အားကိုယ်ကိုး၍ ရပ်တည်လျှောက်လှမ်းနိုင်ရေး လမ်းကြောင်းမှန်ကို ပြသပေးနိုင်ရမည်၊ တည့်မတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများကို မိမိတို့ထက်ကောင်းမွန်သည့်ဘဝနေထိုင်မှု၊ တိုးတက်မှုများရရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

အရာရှိ စစ်သည် မိသားစုများအနေဖြင့်လည်း မိမိတို့အတွက် ဗဟုသုတများ တိုးပွားစေနိုင်သည့် စာပေများကို လေ့လာဖတ်မှတ်ခြင်းများကို အမြဲမပြတ်ဆောင်ရွက်မည်ဆိုပါက

**စာမျက်နှာ ၁၉ သို့**

# မော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံနယ်လှည့် ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု ဥသျှစ်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှဒေသခံပြည်သူ ၂၀၈ ဦးတို့ကို အဆိုပါကျေးရွာရှိ အခြေခံပညာအလယ်တန်း ကျောင်းခွဲ၌လည်းကောင်း၊ လှည်းကူးမြို့နယ် ပုတ်သင်ညိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်နှစ်ပါးနှင့် ဒေသခံပြည်သူ ၉၃ ဦးတို့ကို အဆိုပါကျေးရွာရှိ မြရတနာကျောင်းတိုက်၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံနယ်လှည့် ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နပဲကျူးရပ်ကွက် သုပ္ပန္နိပဏ္ဍစောခင်ဌေး ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော် ၁၆၉ ပါးတို့ကို အဆိုပါကျောင်းတိုက်၌လည်းကောင်း အသီးသီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါ စမ်းသပ်စစ်ဆေးခြင်း၊ တီဗီဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်း၊ ဆီးချိုသွေးချို စစ်ဆေးပေးခြင်းတို့ကိုဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ တိုင်းရင်းဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။



ပဲခူးတိုင်းဒေသကြီး ဆွာမြို့ရှိ တိုက်နယ်ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး တာဝန်ရှိသူများက မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏မြို့ရွာများရှိ ဆေးရုံ၊ ဆေးခန်းများသန့်ရှင်းသပ်ရပ်ပြီး ခြင်၊ယင်ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက် ကုသနေသောလူနာများ လေကောင်းလေသန့်ရရှိစေရေး အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းဖြတ်မြို့တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ကနီမြို့နယ်၊ မော်လိုက်မြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နှင့် ဆွာမြို့တို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ဆေးရုံဝင်းအတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၁၈ မှအဆက်**

တစ်ဦးချင်း၏ အကျိုးကိုဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ စာပေဖတ်ရှုလေ့လာခြင်းမှရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက်များစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ မိသားစုနှင့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၊ မိသားစုများ၏ ပညာရည်မြင့်မားရေးကို အားပေး ဆောင်ရွက်လျက်ရှိသဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြရန် လိုကြောင်း။

**နယ်ပယ်အသီးသီးမှ ပေါက်ဖွားလာကြပြီး တပ်မတော်အတွင်း၌ လာရောက်တွေ့ဆုံကြခြင်းဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို၊မောင်ရင်းနှမသဖွယ် စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး နေထိုင်ကြရန်၊ ပေးအပ်လာသည့်အမိန့်နှင့် တာဝန်ကို ကျေပွန်စွာတာဝန်ထမ်းဆောင်ကြရန်လို**ကြောင်း၊ ဦးစီးခေါင်းဆောင်များ အနေဖြင့်လည်း မိမိတို့၏ လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မှုတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်၊ ဖခင်သဖွယ် စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ **အရာရှိ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်**ကြောင်းဖြင့် မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက္ကသိုလ်စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ပုသိမ်တက္ကသိုလ်သည် သက်တမ်း ၆၅ နှစ်ရှိပြီဖြစ်သည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး သင်ကြားမှုပိုင်းဆိုင်ရာများတွင် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့နှင့် ရင်ပေါင်တန်းနိုင်ရမည်ဖြစ်. . .**

**ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုကြည့်၍ မိမိတို့တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကာ နိုင်ငံ့အတွက်လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်ကြစေလို. . .**

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းထွန်း၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမအတွင်း လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများနှင့်တွေ့ဆုံရာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းထွန်းက ပညာရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊သင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များနှင့် ဘွဲ့၊ ဒီပလိုမာပေးအပ်မှုများ၊ ဘာသာရပ်အလိုက် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ဘာသာရပ်အလိုက် သင်ကြားရေးဝန်ထမ်းများနှင့် စီမံဝန်ထမ်းများခန့်အပ်ထားရှိမှု၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အိပ်ဆောင်များ တည်ဆောက်ထားရှိမှု၊ စားသောက်ရေးနှင့် နေထိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ စာကြည့်တိုက်နှင့် သင်ကြားရေးအဆောက်အအုံများ တည်ဆောက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပုသိမ်တက္ကသိုလ်နှင့် ပတ်သက်၍ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးပြောကြားရာတွင် **ပုသိမ်တက္ကသိုလ်သည် သက်တမ်း ၆၅ နှစ်ရှိပြီဖြစ်သည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး သင်ကြားမှုပိုင်းဆိုင်ရာများတွင် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့နှင့် ရင်ပေါင်တန်းနိုင်ရမည် ဖြစ်**ကြောင်း၊ တက္ကသိုလ်ပညာရပ်သည် အတတ်ပညာကို သင်ကြားပေးသည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ၎င်းတို့ဘဝတွင် အဆင်ပြေစွာ ရပ်တည်နိုင်သည်ထိ သင်ကြားပေးလိုက်နိုင်ရန် လိုကြောင်း၊ အခြေခံပညာမူလတန်း၊ အခြေခံပညာအထက်တန်းကျောင်းတို့တွင် တွေ့ကြုံခဲ့ရသည့် ပတ်ဝန်းကျင်နှင့် တက္ကသိုလ်တွင် တွေ့ကြုံရသည့် ပတ်ဝန်းကျင်သည် များစွာကွာခြားမှုရှိပြီး တက္ကသိုလ်ပညာရပ်သည် စာပေပညာကိုသာမက လူမှုအသိုင်းအဝိုင်းတစ်ခုနှင့် ပေါင်းသင်းဆက်ဆံရေးတို့ကိုပါ သင်ကြားပေးလိုက်ခြင်းဖြစ်ကြောင်း၊အခြေခံပညာအဆင့်၌ သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင် ပို့ချသင်ကြားခြင်း (Teaching)ကို အဓိကထားဆောင်ရွက်ရပြီး အဆင့်မြင့်ပညာအဆင့် သင်ကြားသင်ယူမှုများဆောင်ရွက်ရာတွင် တွေးခေါ်လေ့လာသင်ကြားခြင်း (Studying)ကို အဓိကထား ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်တက်ရောက်စဉ် ပတ်ဝန်းကျင်မှရရှိသည့် အတွေ့အမြင်ဗဟုသုတနှင့် သင်ကြားမှုမှရရှိသည့် တွေးခေါ်မြော်မြင်နိုင်မှုတို့ကို ၎င်းတို့၏ လက်တွေ့ဘဝတွင်အသုံးချ၍ အောင်မြင်စွာ ဖြတ်သန်းနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ကျောင်းသား၊ ကျောင်းသူများ အတွေးအခေါ် မှန်ကန်ကောင်းမွန်စေရေးနှင့် ပညာရပ်များကို မှန်ကန်စွာတတ်မြောက်စေရေး စနစ်တကျသင်ကြားပေးကြရန်နှင့် အခြေခံစိတ်ဓာတ်ကောင်းများ ရရှိရေး အလေးထားဆောင်ရွက်ကြရန်လို**ကြောင်း။

စာပေနှင့်ပတ်သက်၍ သက်ဆိုင်ရာဘာသာရပ်များအလိုက် **စာမျက်နှာ ၂၁ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအတွင်း လှည့်လည်ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

ထိုက်ထိုက်တန်တန်ဖြင့် ဘွဲ့ရရှိသူများဖြစ်စေရေး အလေးထားစီစစ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ၊ ဆရာမများအနေဖြင့်လည်း ခေတ်ဆက်မပြတ်လေ့လာမှုများကိုဆောင်ရွက်၍ မိမိကိုယ်ကိုကိုယ်ရည်ကိုယ်သွေးပြည့်ဝအောင် ဆောင်ရွက်နေကြရန်လို**ကြောင်း၊ **ဆရာ၊ ဆရာမများက အမှန်တကယ်တတ်ကျွမ်းပြီး မိမိတို့တာဝန်ယူထားသည့် ဘာသာရပ်ကို ပိုင်နိုင်နေမှသာလျှင် မိမိတို့မှ မွေးထုတ်ပေးသည့် တပည့်များသည်လည်း ထူးချွန်ထက်မြက်မည်ဖြစ်ပြီး ၎င်းတို့ဘဝတိုးတက်ရေးအတွက် လက်တွေ့နယ်ပယ်တွင် အမှန်တကယ် အသုံးချနိုင်မည်ဖြစ်**ကြောင်း။

ယနေ့ခေတ်သည် ဒီမိုကရေစီခေတ်ဖြစ်သဖြင့် ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ဥပဒေနှင့်စည်းကမ်းကို သိရှိလိုက်နာရန်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးအသိအမြင်ရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **အနာဂတ်တွင် နိုင်ငံကိုဦးဆောင်ကြမည့် လူသားအရင်းအမြစ်များအနေဖြင့် ဥပဒေပညာရပ်ကို နားလည်သိရှိစေရေး တက္ကသိုလ်အားလုံးတွင် ဥပဒေပညာရပ်ကိုသင်ကြားပေးလျက်ရှိ**ကြောင်း၊ အလားတူ စီးပွားရေးနှင့် ပတ်သက်သည့် အသိအမြင်များရှိစေရေးအတွက်လည်း စီးပွားရေးအခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်မှာ တက္ကသိုလ်ပညာသင်ကြားပြီး ဘွဲ့ရရှိပြီးသူများအနေဖြင့် ၎င်းတို့၏လူမှုစီးပွားဘဝနှင့် ပတ်ဝန်းကျင်ကို ကောင်းမွန်အောင်ဆောင်ရွက်နိုင်သူများဖြစ်ရန်အတွက် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံဘာသာရပ် တတ်ကျွမ်းနားလည်သူများအပြင် ကဏ္ဍတစ်ခုအနေဖြင့် မရှိမဖြစ်လိုအပ်သည့် အတွေးအခေါ်ပညာရှင်ကောင်းများ ပေါ်ထွက်လာစေရေးအတွက်လည်း တွေးခေါ်မြော်မြင်မှုဆိုင်ရာ ဝိဇ္ဇာပညာရပ်ဆိုင်ရာ သင်ကြားမှုများကိုလည်း အားပေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

သက်တမ်းကာလ ကြာမြင့်ပြီဖြစ်ပြီး အစဉ်အလာရှိသည့် တက္ကသိုလ်ဖြစ်သည့်အတွက် ယခုတက္ကသိုလ်မှ ထွက်ပေါ်လာသူများသည် တက္ကသိုလ်အတွက် ဂုဏ်ယူဖွယ်ဖြစ်ရမည်ဖြစ်ကြောင်း၊ နယ်ပယ်အလိုက်ထူးချွန်ထက်မြက်သူများ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်တစ်ခုဖြစ်ရမည်ဖြစ်ကြောင်း၊ မိမိတို့ တက်ရောက်ခဲ့သည့် တက္ကသိုလ်အတွက် ဂုဏ်ယူနိုင်စေရေးအတွက်လည်း တက္ကသိုလ်၏ဂုဏ်အရှိန်အဝါနှင့် သာယာလှပမှုတို့ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဟူသည်မှာ လေ့လာဖတ်မှတ်ခြင်းကို ဆောင်ရွက်ပေးရမည် ဖြစ်သည့်အတွက် တက္ကသိုလ်စာကြည့်တိုက်နှင့် ပတ်သက်၍ နယ်ပယ်အစုံမှ စာအုပ်စာပေများစုံလင်မှုရှိရမည်ဖြစ်ကြောင်း။

မိမိအနေဖြင့်လည်း ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးဆောင်ရွက်လျက်ရှိပြီး ပညာရပ်ပိုင်းဆိုင်ရာ ချိုးမြှင့်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အစိုးရအတွက် ဟူသည်ထက် နိုင်ငံ့အတွက်၊ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ခြင်းဖြစ်ရန်လိုကြောင်း၊ **အစိုးရတာဝန်ရပ်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ယာယီတာဝန်ယူခြင်းသာဖြစ်ပြီး ဆရာ၊ ဆရာမများ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့တာဝန်များကို အမြဲတမ်း တာဝန်ထမ်းဆောင်နေခြင်းဖြစ်**ကြောင်း၊ အစိုးရတာဝန်ရပ်သည် ၎င်းတို့၏ မူဝါဒကို အကောင်အထည်ဖော်၍ နိုင်ငံကောင်းအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍ နိုင်ငံကိုကောင်းအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် **ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုကြည့်၍ မိမိတို့တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကာ နိုင်ငံ့အတွက်လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေး ကြိုးပမ်း ဆောင်ရွက်ကြစေလို**ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်စာကြည့်တိုက်အတွင်းနှင့် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။


**မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရွှေဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ**

၁။ မြန်မာနိုင်ငံအနေဖြင့် ရွှေဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်ကမှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် ၁၉၈၀ Modelနှင့် ၎င်းမတိုင်မီယာဉ်များကို ရွှေဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သောယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရွှေဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရွှေဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင်(၁-၂-၂၀၂၄)ရက်မှ (၃၁-၇-၂၀၂၄)ရက်ထိ ခြောက်လကာလအတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညို



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညိုပြီး ရုပ်ပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၉၁ ဦး၊အုပ်ချုပ်သူ ငါးဦး စုစုပေါင်း ၉၆ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့်အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာလာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီးတည်



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် ဂေါပကအဖွဲ့ဝင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကိုအသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကြသည်။ ယင်းနောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့်ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊မှတ်တမ်းဓာတ်ပုံများ၊အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများလာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါတယ်-

**ဦးမြဝင်း (ပြည်ရွှေဆံတော်)**

နိုင်ငံတော်အကြီးအကဲကနေပြီး ခက်ခဲပင်ပန်းစွာတည်ဆောက်ထားတဲ့ မာရဝိဇယဘုရားကြီးကိုလာရောက်ဖူးမြော်ချင်နေတဲ့ ဆန္ဒရှိတာကြာပါပြီ။ဆန္ဒကိုဖြည့်ဆည်းသွားအောင်လို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပံ့ပိုးကူညီပေးတဲ့အတွက်ကြောင့် အခုလိုဖူးမြော်ရခြင်းဖြစ်ပါတယ်။ အခုလိုလာရောက်ဖူးမြော်ရတဲ့အခါမှာ ပြည်



ခရိုင် လေးမြို့နယ်ရှိ ဘုရား ၁၂ ဆူမှ ဂေါပက ၉၁ ယောက်ကို နိုင်ငံတော်အစီအစဉ်နဲ့ လာရောက် ဖူးမြော်ရတဲ့အတွက်ကြောင့် ဂေါပကလူကြီးတွေက မပင်မပန်းဘဲ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ရတာအထူးပင်ကျေးဇူးတင်ပါတယ်။ ဒီလို ဖူးမြော်ရတဲ့အတွက် ကမ္ဘာ့အလယ်မှာ တင့်တယ်စွာနဲ့မြင်တွေ့ရတဲ့အတွက် ပိုမို ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီလိုဘုရားကြီး ဖြစ်ပေါ်လာဖို့အတွက် နိုင်ငံတော်အကြီးအကဲတွေက အခက်အခဲများစွာနှင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ပြီး အများပြည်သူများကနေ အလွန်ပင်ဖူးမြော်ကြည်ညိုချင်တဲ့ စိတ်တွေဖြစ်ပေါ်လာပါတယ်။အခုလိုတည်ဆောက်ပေးတဲ့နိုင်ငံတော်အကြီးအကဲတွေကိုလည်း အထူးပင်ကျေးဇူးတင်ပါကြောင်းပြောကြားလိုပါတယ်။

**ဦးလှသိန်း (ပေါက်ခေါင်းလေးမျက်နှာစေတီ)**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်ကြီးကို အင်ဂျင်နီယာအစွမ်း၊ အနုပညာအစွမ်းနှင့်



လက်မှုပညာအစွမ်းတွေနဲ့ တည်ဆောက်ထားတာဖြစ်တဲ့အတွက် ဖူးမြော်ရတာအလွန်ဝမ်းသာကြည်နူးမိပါတယ်။ ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူရုပ်ပွားတော်ကြီးကို လာရောက်ဖူးမြော်ကြည်ညိုရတဲ့အတွက် အတိုင်းမသိဖြစ်ရပါတယ်။ မြန်မာနိုင်ငံအရပ်ရပ်မှာရှိတဲ့ ဂေါပကအဖွဲ့တွေကို လာရောက်ဖူးမြော်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့တိုင်းဒေသကြီးမှတာဝန်ရှိသူတွေနှင့် နိုင်ငံတော်အကြီးအကဲတွေကို အထူးကျေးဇူးတင်ရှိပါတယ်။

**ဦးရိုးကျော် (ရွှေပလ္လင်မော်စေတီ)**

တိုင်းဒေသကြီးမှ ပံ့ပိုးကူညီမှုနဲ့ လာရောက်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာကြည်နူးစရာတစ်ခုဖြစ်ပါတယ်။ ဒီကိုလာရောက်တော့ တိုးတက်မှုတွေမြင်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပီတိဖြစ်မိပါတယ်။ နောက်လည်းကျွန်တော်တို့ကို ဘာသာရေးလုပ်နေတဲ့ဂေါပကအဖွဲ့တွေကို နိုင်ငံတော်အကြီးအကဲတွေက ဘုရားဖူးတွေကိုထပ်မံပို့ဆောင်ပေးဖို့ မေတ္တာ



ရပ်ခံတောင်းဆိုအပ်ပါတယ်။ အခုလိုစီစဉ်ပေးတဲ့တာဝန်ရှိသူတွေနဲ့လာရောက်ဘုရားဖူးရာမှာလည်း လိုက်လံရှင်းလင်းပြသပေးသူတွေကြိုဆိုသူတွေအားလုံးကိုလည်း အထူးကျေးဇူးတင် ဝမ်းသာပီတိဖြစ်ရပါတယ်။

အိမ်ပြင်ပဌ်ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ကမ္ဘာပြုသောလက်

ခင်ဖော်(သီတာတုန်းပြင်)



(၁)

"ဘုရားပန်းလှလှလေးတွေ ယူကြအုံးမလား။ ပဲပြုတ်ပူပူလေးလဲ ပါတယ်နော်"

သည်အသံက နံနက်တိုင်းကြားနေရသည့်ဈေးသည် မကြော့၏အသံဖြစ်သည်။ သူ့အသက်က ၃၇ နှစ်ခန့် ရှိသေးသည်။ မပိန်လွန်း၊ မဝလွန်း အသားလတ်လတ် မျက်ခုံးမွေးထူထူ မျက်နှာဝိုင်းဝိုင်းနှင့် ကြည့်ကောင်းသူ တစ်ယောက်ဟုဆိုနိုင်၏။ သူ့ယောကျ်ားအမည်က သန်းထိုက်။ အရပ်မြင့်မြင့် အသားဖြူဖြူနှင့် လူရည် သန့်တစ်ယောက်ဖြစ်သည်။ သန်းထိုက်က ဘွဲ့ရပညာ တတ်၊ မိသားစုက ချမ်းသာ၏။ မကြော့က ပညာ မတတ် ဆင်းရဲသဖြင့် သန်းထိုက်၏မိဘများက သဘောမတူကြသည့်အတွက် ကိုယ့်ဒူးကိုယ်ချွန်ဘဝဖြင့် သူတို့နှစ်ဦး၏အိမ်ထောင်ရေးဘဝခရီးလမ်းကို ခက်ခဲ စွာတည်ဆောက်ခဲ့ကြရသည်။ သန်းထိုက်က ကား အငှားလိုက်မောင်း၏။ သို့သော် ခြောက်နှစ်ခန့်ပဲ လုပ်နိုင်ခဲ့သည်။ အရက်စွဲလာသဖြင့် ဘယ်အလုပ်မှ မည်မည်ရရမလုပ်နိုင်တော့ပေ။ တစ်နေ့တစ်နေ့ အရက်ဆိုင်မှာသာ အချိန်ကုန်တော့သည်။ မကြော့ သည် နံနက်ပိုင်းတွင် ဈေးရောင်း၊ ညနေပိုင်းတွင် ရပ်ကွက်ထဲလှည့် အဝတ်လျှော်အလုပ်တို့ဖြင့် မိသားစု ဝမ်းရေးကို ဖြေရှင်းနေရသည်။ ယောကျ်ားအလုပ်လုပ် နိုင်တုန်းက မကြော့မှာ အိမ်တွင် အချက်အပြုတ် နှင့် ကလေးများ၏ ဝေယျာဝစ္စသာလုပ်ရသည်။ ယခု အချိန်မှာမူ သူ့သမီးလေးနှစ်ယောက်သည်လည်း သမီးအကြီးက ကိုးတန်း၊ အငယ်လေးက ခြောက်တန်း ဖြစ်လာကြသည့်အတွက် မကြော့ ယခင်ကထက် ပိုပြီး အလုပ်ကြိုးစားလာရတော့သည်။ ကလေးများ အတန်း ကြီးလာလေလေ မကြော့အဖို့ စိတ်ရောလူရောပင်ပန်း လာလေလေဖြစ်၏။ တစ်ခါတလေ မိမိဘဝကိုတွေးရင်း စိတ်ဓာတ်ကျမိသည့်အခါ သမီးနှစ်ယောက်၏ အနာဂတ်အတွက် ငါသန်မာနေမှဖြစ်မယ်ဆိုပြီး ကိုယ့် ကိုယ်ကိုယ် အားတင်းလိုက်ရပြန်သည်။

(၂)

"သမီးကြီးရေ ဒီဘူးထဲက ပိုက်ဆံ ၅၀၀ ယူမိသေးလား"

"ဟင့်အင် မယူမိပါဘူးအမေ"

"ဒါဆို နင့်အဖေအရက်ဖိုးယူသွားပြန်ပြီထင်တယ်။ ငါ သေသာသေလိုက်ချင်တော့တယ်။ ညနေကျရင် ဆန်ဝယ်ဖို့သိမ်းထားတဲ့ပိုက်ဆံ ဒုက္ခပါပဲ။ ဒုက္ခတွေ အမျိုးမျိုးပေးပြီးရင်း ပေးနေတာပါလား ကိုသန်းထိုက်ရယ်"

မီးဖိုချောင်ထဲတွင် မကြော့အသံထွက်၍ ညည်း တွားမိသည်။

"မကြော့ရှိလား ဟေ့ မကြော့"

ထိုအချိန် အပြင်က ခေါ်သံကြားမိသည့်အတွက် သားအမိနှစ်ယောက် အိမ်အပြင်ထွက်လာခဲ့ကြသည်။

"ရှိပါတယ်ရှင်။ သြော်. . . ဒေါ်အေးမိပါလား။ လာ အိမ်ပေါ်ကိုကြွပါအုံးရှင်"

ဒေါ်အေးမိက အိမ်ပေါ်ကိုမတက် မျက်နှာကိုတင်း ၍ ခါးထောက်လျက် အိမ်ရှေ့မှာပင် မတ်တတ်ရပ်နေ၏။

"ငါ့ဆီက နင် ဈေးရင်းဖို့ဆိုပြီး ယူထားတဲ့ပိုက်ဆံ အတိုးလဲမရ၊ အရင်းလဲမပေးနဲ့ နင်ဘယ်လိုမိန်းမစား လဲ မကြော့။ ငါ့အကြောင်းကို နင်သိတယ်မလား"

"မနက်ဖြန်ဆက်ဆက်လာပေးပါ့မယ် ဒေါ်အေးမိ ရယ်။ မနက်က အကြွေးနည်းနည်းကျခဲ့လို့ပါ"

မကြော့ တောင်းပန်တိုးလျှိုးသည့် လေသံ ဖြင့် ပြောသည်။

"မနက်ဖြန်မှမပေးရင်တော့ နင်တို့အိမ်ရှေ့ကို လာပြီးဆဲပြမယ်။ အလကား အောက်တန်းစားတွေ ကြွေးယူတော့တစ်မျိုး၊ ပြန်ဆပ်ခါနီးတော့တစ်မျိုး"

တတွတ်တွတ်နှင့်ကြိမ်းမောင်းပြစ်တင်ပြောဆိုရင်း ဒေါ်အေးမိပြန်သွားသည်။

"သမီး ကျောင်းမတက်ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ သမီးရယ်။ နောက်နှစ်ဆိုရင် ငါ့သမီး ဆယ်တန်းအောင်တော့မှာလေ"

"ဟင့်အင်း ဆယ်တန်းလဲမအောင်ချင်ဘူး၊ ပညာ တတ်လဲ မဖြစ်ချင်တော့ဘူးအမေ။ သမီး အမေနဲ့အတူ အလုပ်လိုက်လုပ်မယ်နော်"

မကြော့ သူ့သမီးအကြီးကို သူ့ရင်ခွင်ထဲ ဆွဲ သွင်းလိုက်သည်။

"သြော်. . . လိမ္မာလိုက်တဲ့သမီးကြီးရယ်။ အမေ့ အသက်ငယ်တုန်း၊ ကျန်းမာတုန်း ရှိသေးတယ်လေ။ အမေ မပင်ပန်းပါဘူး။ သမီးတို့ အမေ့ကိုရှာကျွေးချင် တယ်ဆိုရင် အမေ အသက်ကြီးပြီး အလုပ်မလုပ်နိုင် တော့မှ ရှာကျွေးကြပေါ့။ ပညာဆိုတာ ငယ်တုန်း ရှာထားရမယ်။ ငါ့သမီးတို့ ပညာတတ်ကြီးဖြစ်ရင် အမေ့လို ပင်ပင်ပန်းပန်းအလုပ်မလုပ်ရတော့ဘူးပေါ့"

"သမီးတို့အတွက် မနေမနားအရပ်တကာလှည့်ပြီး အမေအလုပ်လုပ်နေရတာကို သမီးမကြည့်ရက်လို့ပါ။ ပြီးတော့ စောစောက ဟိုအဒေါ်ကြီးပြောတဲ့ အောက် တန်းစားတွေဆိုတဲ့စကားကိုလဲ သမီး တအားရင်နာ တယ် အမေ"

သမီးကြီးက သူ့ရင်ထဲကခံစားချက်ကို အားငယ် နေသောမျက်ဝန်းများဖြင့် သူ့အမေကိုမော့ကြည့်ရင်း ပြောနေသည်။

"အဲဒီစကားက သမီးတင်မဟုတ်ဘူး အမေလဲ ခံစားရတာပေါ့သမီးရယ်။ ဒါပေမဲ့ တချို့စကားတွေက ကိုယ့်ဘဝအောင်မြင်ဖို့အတွက် လှေကားထစ်တွေပဲဆို တာကို ငါ့သမီးသဘောပေါက်ထားရမယ်။ အနင်းခံရတဲ့ မြက်တွေက ပိုပြီးသန်မာကြသလို အမေတို့လိုဘဝနာ တဲ့လူတွေက ဘဝမှာ ပိုပြီးအောင်မြင်ကြတယ်။ အမေ လဲ ရပ်တကာလှည့်ပြီး သူများခိုင်းတဲ့အလုပ်ကို အခြေအနေအရလုပ်နေတာပါ။ နောင်တစ်ချိန် ကား ဂိတ်မှာ မုန့်ဟင်းခါးဆိုင်လေးဖွင့်ပြီး ကိုယ်ပိုင်လုပ်ငန်း လုပ်မယ်လို့ စိတ်ကူးပြီးသားပါ။ ငါ့သမီးကလဲ ကိုယ့် ဘဝကိုရင်နာရင် စာကြိုးစားပါ။ အမေ့ကိုသနားရင်လဲ စာကြိုးစားပေါ့သမီးရယ်"

(၃)

"ဒီအိမ်က ကိုသန်းထိုက်တို့အိမ်လားခင်ဗျ"

ညနေပိုင်း ရက်ကွက်ထဲလှည့်အဝတ်လျှော်ပြီးလို့ အိမ်ပြန်ရောက်လို့မှမကြာသေး အိမ်ရှေ့ကစကားသံ ကြားမိ၍ မကြော့ အိမ်အပြင်ကိုထွက်ကြည့်မိသည်။ ရဲတစ်ယောက်နှင့် လူကြီးနှစ်ယောက် အိမ်ရှေ့တွင် ရပ်နေသည်ကိုတွေ့ရ၏။ သူ့ဘဝတွင် တစ်ကြိမ်တစ်ခါ မှ ယခုလိုမြင်ကွင်းမျိုးကို မတွေ့မကြုံဖူးသဖြင့် ဘာကိစ္စများဖြစ်နေမလဲဆိုသည်ကိုတွေးရင်း ရင်ဖိုနေ မိသည်။ ပြီးတော့မှ မိမိ၏အသိစိတ်ကိုထိန်းကာ-

"ဟုတ်ပါတယ်ရှင် ကျွန်မက ကိုသန်းထိုက်ရဲ့အမျိုး သမီးပါ။ ဘာကိစ္စရှိလို့ပါလဲရှင်"

"ခင်ဗျားယောကျ်ား အရက်ဆိုင်မှာ လူတစ်ယောက် ကို ပုလင်းနဲ့ရိုက်လိုက်လို့ စခန်းရောက်နေတယ်။ ကျွန်တော်တို့နဲ့ စခန်းကိုအခုလိုက်ခဲ့ပါ အစ်မ"

ကြားရသည့်သတင်းကြောင့် မကြော့ အမောပင် မပြေနိုင်ဘဲ အိမ်တံခါးပိတ်၍ ရဲစခန်းကိုသွားရပြန်သည်။ အဆိုးထဲကအကောင်းလို့ပဲဆိုရမည်။ တစ်ဖက်က မကြော့တို့ မပြေလည်မှန်းသိ၍ အမှုမလုပ်ဘဲ ကျေအေးပေးလိုက်သည်။

"မကြော့ နင်တို့သားအမိတွေကို ငါဒုက္ခပေးပေါင်း များလှပါပြီ"

မိသားစုထမင်းဝိုင်းပြီးချိန်တွင် ကိုသန်းထိုက်ထံမှ မကြားစဖူးစကားကို ကြားရသဖြင့် အံ့ဩသည့်အမူအရာ ဖြင့် ကိုသန်းထိုက်ကို သားအမိသုံးယောက် ပြိုင်တူ ကြည့်လိုက်ကြသည်။

"သြော်. . . ရှင်က ကိုယ့်အမှားတော့ ကိုယ်သိသေး တယ်ပေါ့လေ"

"မဟုတ်ပါဘူးကွာ။ ငါတကယ်ပြောနေတာပါ။ ဒီနေ့စခန်းကိုရောက်ရတာလဲ အဲဒီကောင်က ငါ့ကို မိန်းမလုပ်စာထိုင်စားနေတဲ့ကောင်လို့ လူကြားထဲမှာ ပြောလို့ ငါရှက်ရှက်နဲ့ရိုက်ထည့်လိုက်တာ။ တကယ် တော့ သူပြောတာမှန်တယ်လို့ အချုပ်ခန်းထဲရောက် တော့ ငါတွေးမိတယ်"

"ဒါဆို ရှင့်ကို အဲဒီကောင်က တရားချလိုက် တယ်ပေါ့လေ။ သမီးတို့ရေ မနက်ဖြန် အဲဒီလူကို တို့သားအမိတွေ သွားကန်တော့ကြရအောင်"

"တကယ်ပြောတာပါ မကြော့။ ငါဆုံးဖြတ်ပြီးပြီ။ ဒီနေ့ကစ အရက်မသောက်တော့ဘူးလို့။ အလုပ် ပြန်လုပ်မယ်"

တစ်လုံးချင်း လေးလေးနက်နက်ပြောနေသော ကိုသန်းထိုက်၏စကားကြောင့် သားအမိသုံးယောက်၏ အကြည့်များက ကိုသန်းထိုက်ဆီရောက်သွားကြသည်။

"ရှင်တကယ်ပြောနေတာလား ကိုသန်းထိုက်ရယ်။ ကျွန်မဖြင့် ကိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်ဖြစ်နေတယ်"

"သြော်. . . ခက်ပါ့ကွာ။ ငါကတိပေးပါတယ်။ ငါ့ဘဝက ငါ့သမီးတွေအတွက်ဖြစ်စေရမယ်။ ဟုတ် တယ်မလား သမီးတို့"

သူ့အဖေရင်ခွင်ထဲတွင် ပြုံးပျော်နေကြသည့်သမီး နှစ်ယောက်နှင့် ယောကျ်ားဖြစ်သူကိုကြည့်ကာ မကြာ ခင် သာယာလှပတော့မည့် သူတို့မိသားစုလေး၏ အနာဂတ်ကိုတွေးရင်း မကြော့တစ်ယောက် ကြည်နူး ခြင်းအပြုံးဖြင့် ပြုံးနေမိသည်။

(၄)

"မကြော့ရေ မကြော့ သန်းထိုက်ရဲ့ကားကို အခြား ကားက ဝင်တိုက်မိလို့တဲ့။ အဲဒါ ဆေးရုံကိုရောက်နေ တယ်ပြောတယ်"

နံနက်စောစောကြားလိုက်ရသည့်စကားက မကြော့ နားထဲကို မိုးကြိုးအတောင့်လိုက်ပစ်သွင်းလိုက်သလို ခံစားလိုက်ရသည်။

"မသန်းအေးရယ် သေချာလို့လား"

"နင့်ယောကျ်ားလုပ်တဲ့ကုမ္ပဏီမှာ ငါ့တူလေးလဲ အလုပ်လုပ်နေတာ။ အဲဒါ သူဖုန်းဆက်ပြီးလှမ်းပြောလို့ နင်သိအောင်ငါလာပြောတာ"

လမ်းမှာတွေ့သည့် သုံးဘီးတစ်စီးကို အမြန်တား ၍ ဆေးရုံကိုလိုက်ခဲ့သည်။ ဆေးရုံကိုရောက်ချင်ဇော များနေလို့ပဲလားမသိ တရိပ်ရိပ်နှင့်ပြေးနေသော သုံးဘီးကလေးက အလွန်နှေးသည်ဟုထင်မိသည်။ ယောကျ်ားဖြစ်သူ အရက်ပြတ်ပြီး လူကောင်းပကတိ ပြန်ဖြစ်လို့မှ တစ်လပင်မကြာသေး ယခုတော့ မမျှော် လင့်သောဖြစ်ရပ်ဆိုးနှင့် ကြုံရပြန်သည်။ ဘုရားစာ များကို စိတ်ကနေရွတ်နေမိသလို ယောကျ်ား ဘာမှမဖြစ်ပါစေနှင့်ဟုသာ လမ်းတစ်လျှောက်လုံး ဆုတောင်းရင်း ဆေးရုံရောက်ခဲ့ရသည်။ မျက်နှာပေါ် တွင် သွေးသံတရဲရဲနှင့် ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာ အပြည့်ဖြစ်နေသော ယောကျ်ားဖြစ်သူ၏မြင်ကွင်း ကိုမြင်ရသည်နှင့် သတိလစ်ချင်သလိုဖြစ်မိသည်။ ရင်ဘတ်ကလည်း တဒိတ်ဒိတ်ဖြင့် ပြင်းစွာခုန်လာပြန် သဖြင့် လက်တစ်ဖက်နှင့် ဖိထားလိုက်ရ၏။

"ကိုသန်းထိုက် ကိုသန်းထိုက်။ မကြော့ရောက်လာ ပြီလေ။ ရှင်ဘယ်လိုနေလဲ သက်သာရဲ့လား"

သန်းထိုက်က နွမ်းလျနေသည့်မျက်ခွံလေးများကို အသာအားယူ၍ ဖွင့်ကြည့်ပြီး သူ့မိန်းမဘက်လှည့် လိုက်သည်။ သို့သော် ခန္ဓာကိုယ်ကပါမလာ ခေါင်းသာ လှည့်နိုင်၏။

"မကြော့"

"ကိုသန်းထိုက် ပြောလေ။ ရှင်သက်သာရဲ့လားလို့"

"ငါ့မိသားစုအတွက် ငါတာဝန်မကျေခဲ့ဘူးဟာ"

"ဘာစကားတွေပြောနေတာလဲရှင်။ ရှင် နေကောင်းသွားရင် အလုပ်လုပ်လို့ရတာပဲလေ"

စာမျက်နှာ ၂၅သို့ ➤

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၅၃၂၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၅၃၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၂၃၉၁ ဧကလျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မတ်ပဲ ၁၀၅၃၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၁၀၂၃၉၁ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ၁၀၅၃၂၈ ဧက စိုက်ပျိုးပြီးပါပြီ။ ဆောင်းသီးနှံမတ်ပဲကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလိုစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနအပြင် အခြားနှီးနွယ်ဌာနတွေကလဲ ချိတ်ဆက်ကူညီပံ့ပိုးပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနကနေ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေကို သင်ကြားပေးခဲ့ပါတယ်”ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် မတ်ပဲများကို ရေဆင်း - ၅၊ ရေဆင်း-၂၊ ရေဆင်း-၇ စသည့် အထွက်နှုန်းကောင်းပဲမျိုးများကို အဓိက စိုက်ပျိုးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄မှအဆက်

“ငါဆိုးခဲ့ ပေခဲ့တဲ့အချိန်မှာ မညည်းမညူမေတ္တာမပျက်ဘဲ မိသားစုအပေါ် တာဝန်ကျေခဲ့တဲ့နင့်ကို ကျေးဇူးတင်တယ်။ ပြီးတော့ အား. . . ”

“ရှင်ပင်ပန်းပါတယ် မပြောနဲ့တော့။ အနားယူလိုက်အုံးနော်”

တစ်လုံးချင်းအားယူပြီးပြောနေရသည့် ယောကျ်ားဖြစ်သူခံစားနေရသည့်ဝေဒနာကို ခန့်မှန်းမိသောကြောင့် စကားမပြောဘဲ အနားယူရန် မကြော့တားမြစ်လိုက်ရခြင်းဖြစ်သည်။ သို့သော် ကိုသန်းထိုက်က အားယူ၍ ပြောနေပြန်၏။

“ငါမရှိလဲ နင်ရှိနေတဲ့အတွက် သမီးနှစ်ယောက်ကို ငါစိတ်ချပြီးသားပါ”

ဇနီးသည်ကိုပြောနေရင်း သန်းထိုက်၏အသံများ တုန်ယင်နေ၏။

“နိမိတ်မရှိတဲ့စကားတွေမပြောပါနဲ့လား ရှင်ရယ်။ ရှင်ဘာမှမဖြစ်ပါဘူး။ ကျွန်မဆရာဝန်နဲ့တွေ့ပြီးပြီ”

“မကြော့ ငါ့အကြောင်းငါသိနေပါတယ်။ ငါမရှိရင် နင်တအားပင်ပန်းမယ်ဆိုတာ ငါသိတယ်။ မိန်းမသားတစ်ယောက်ထဲ မိသားစုကို ဦးဆောင်ရဖို့ဆိုတာ မလွယ်ပါဘူး။ ငါမရှိတော့လို့ နောက်အိမ်ထောင်ပြုမယ်ဆိုရင်လဲ ငါခွင့်လွှတ်ပါတယ်။ မိသားစုအတွက် တာဝန်မကျေခဲ့တဲ့ ငါ့ကိုသာ ခွင့်လွှတ် လွှတ်”

“ကိုသန်းထိုက် ကိုသန်းထိုက်”

ယောကျ်ား၏ လက်မောင်းတစ်ဖက်ကိုလှုပ်ခါရင်း မကြော့အော်ခေါ်လိုက်သည့်အသံက ဆေးရုံတစ်ခုလုံးပွက်လောရိုက်သွားသည်။ မကြော့၏မျက်လုံးအိမ်မှ အရှိန်ပြင်းစွာစီးကျလာသောမျက်ရည်တစ်ပေါက်သည် ထွက်သက်ဝင်သက်ကင်းမဲ့နေသော ကိုသန်းထိုက်၏ လက်မောင်းပေါ်သို့ ဖောက်ခနဲပြုတ်ကျသွားသည်။

(၅)

ပြတင်းပေါက်မှ ခုန်ပေါက်တိုးဝင်လာသော နံနက်ခင်း၏လေပြည်လေညင်းတချို့သည် ဒေါ်ကြော့၏ဖြူဆွတ်စပြုနေသည့် ဆံနွယ်လေးများကို တိုးဝှေ့ကျီစယ်နေကြသကဲ့သို့ရှိနေ၏။ အိမ်ဘေးရှိ ဇာဒ်ပင်ကြီး၏ အရွက်များက လေအဝှေ့မှာ ဘယ်ညာဝဲယိမ်းကာ မြေပြင်ကိုသက်ဆင်းလျက်နွေ၏အဘိဓာန်ကို ပီပြင်စွာဖော်ညွှန်းနေကြသည်။ တဖြုတ်ဖြုတ်နှင့်ကြွေကျနေသော ဇာဒ်ရွက်များကို ပြတင်းပေါက်ကနေ ဒေါ်ကြော့တစ်ယောက်တည်းကြည့်နေရင်း သူ့ယောကျ်ားဆုံးပြီး နှစ် ၂၀ ဆိုသောကာလအတွင်းမှာ သမီးနှစ်ယောက်ပညာရေးနှင့် သားအမိသုံးယောက် စားဝတ် နေရေးအတွက် ရပ်ကွက်တကာလှည့်ဈေးရောင်း၊ အဝတ်လျှော်ကြုံရာကျပန်း သမ္မာအာဇီဝအလုပ်မျိုးစုံလုပ်ရင်း ရှန်းကန်လှုပ်ရှားခဲ့ရပုံ၊ နောက်ပိုင်းတွင် လမ်းထိပ်ကားဂိတ်၌ မုန့်ဟင်းခါးအသုတ်ဆိုင်လေးဖွင့်၍ စီးပွားရေးချောင်လည်ခဲ့ရပုံ၊ ထိုမှတစ်ဆင့် အိမ်တွင် ကုန်စုံဆိုင်ဖွင့်နိုင်သည်ထိ အောင်မြင်အောင်ကြိုးစားခဲ့ပုံ၊ သမီးများ လိမ္မာကြိုးစားကြ၍ ဆယ်တန်းကို အမှတ်ကောင်းကောင်းဖြင့်အောင်မြင်ခဲ့ကြပုံ၊ သမီးနှစ်ယောက် ပြင်ပအလုပ်များကိုယ်စီလုပ်ရင်း အဝေးသင်တက္ကသိုလ်ကဘွဲ့ကိုယ်စီရကြပုံများကို ရုပ်ရှင်ဇာတ်ကားတစ်ကားကို ကြည့်နေရသည့်အလား မြင်ယောင်နေမိသည်။ တစ်ချိန်က သမီးများအနာဂတ်အတွက် သူအပင်ပန်းခံကြိုးစားခဲ့သမျှ အရာထင်ခဲ့ပြီဟုဆိုနိုင်သည်။ ယခုအချိန်တွင် သမီးကြီးက အထက်တန်းပြကျောင်းဆရာမကြီးဖြစ်၍ နေသလို သမီးငယ်ကလည်း ပုဂ္ဂလိကဘဏ်တစ်ခုတွင် မန်နေဂျာဖြစ်၍ နေပြီဖြစ်၏။ သမီးနှစ်ယောက်စလုံး လခစားများမို့ ပြည့်စုံချမ်းသာသူဟု မဆိုနိုင်သော်လည်း တိုက်အိမ်လေးတစ်လုံးဆောက်နိုင်ခဲ့သလို သူတို့မိသားစုနောင်ရေးအတွက် ဘဏ်စုငွေတချို့ပင် ထည့်ထားနိုင်ခဲ့သည်။ ရပ်ကွက်သာရေးနာရေးပွဲများတွင် သူ့ကို လူတကာ၏ တလေးတစားဆက်ဆံခြင်းနှင့် နေရာပေးမှုကို ခံခဲ့ရသည်။

“မေမေရေ သမီးတို့ပြန်လာပြီ။ ပြတင်းပေါက်နားမှာ ဘာတွေလုပ်နေတာလဲအမေရယ်။ လေစိမ်းတွေမိပြီး အအေးပပ်ဖျားနေပါ့မယ်”

အပြင်မှပြန်လာကြသော သမီးနှစ်ယောက်၏စိုးရိမ်တကြီးပြောလာသည့်စကားကြောင့် ဒေါ်ကြော့သည် ညောင်ခန်းဆက်တီထိုင်ခုံလေးပေါ်တွင် သိမ်မွေ့စွာထိုင်လိုက်သည်။

“ဒီနေ့ သမီးတို့လစာထုတ်ရက်မို့လို့ ညီမလေးနဲ့ချိန်းပြီး အမေ့ကို ကန်တော့ဖို့ ပစ္စည်းတွေအတူဝယ်ခဲ့ကြတာ အမေရဲ့။ ဒီမှာကြည့်ပါအုံး။ ဒီအဆင်လေးက အမေနဲ့သိပ်လိုက်မှာ”

အထုပ်ထဲတွင်ရှိနေသော အဝတ်အစားများ၊ မုန့်ပုံးများ၊ ဆေးကတ်များကို တစ်ခုစီထုတ်ရင်း သမီးကြီးကပြောပြနေသည်။

“သမီးတို့ရယ် အမေ့မှာ ဝတ်စရာ၊ စားစရာ အများကြီးရှိသေးတာကို ငါ့သမီးတို့အတွက်ပဲ ဝယ်ကြပါဟယ်။ အမေ့အတွက် ဘာမှမလိုတော့ပါဘူး”

“သြော်. . . သမီးတို့က အမေသက်ရှိထင်ရှားရှိတုန်းမို့ ကျေးဇူးဆပ်ခွင့်ရတာပါ။ ကန်တော့မယ်နော် အမေ”

“မိဘကျေးဇူးသိတတ်တဲ့ ငါ့သမီးတွေ အသက်ရှည် အနာကင်း၍ ကြံစည်သမျှအလုံးစုံအောင်မြင်ပြည့်စုံကြပါစေကွယ်”

ရိုကျိုးစွာရှိခိုးကန်တော့နေကြသည့် သမီးနှစ်ယောက်ကိုကြည့်ရင်း ဒေါ်ကြော့ ဆုများပေးနေမိသလို ရင်ထဲကဖြစ်ပေါ်လာသော အမျိုးအမည်မသိသောခံစားချက်တစ်ခုကြောင့် မျက်ရည်လေးများစို့လာသဖြင့် ပခုံးပေါ်က တဘက်ကလေးဖြင့် သုတ်လိုက်သည်။

“သြော်. . . အမေရယ် ဘာတွေတွေးပြီးဝမ်းနည်းရပြန်တာလဲ မတွေးပါနဲ့လားအမေရယ်”

“သမီးတို့အဖေကို သတိရမိလို့ပါ။ ဒီအချိန် ကိုသန်းထိုက်သာရှိရင် သိပ်ကောင်းမှာပဲ”

ဆွေးဆွေးမြည့်မြည့်ပြောပြနေသော အမေဖြစ်သူ၏အနားကို သမီးနှစ်ယောက်ပူးကပ်ထိုင်လိုက်ကြသည်။

“အဖေဆုံးတဲ့အချိန်တုန်းက သမီးတို့ကျောင်းသားအရွယ်ပဲရှိသေးတာနော်။ ပြီးတော့ အမေက အသက် ၄၀ လောက်ပဲရှိသေးတာ။ နောက်ယောကျ်ားယူလို့ရရဲ့သားနဲ့ မယူဘဲ သမီးတို့အတွက် အမေ အလုပ်မျိုးစုံလုပ်ရင်းကြိုးစားခဲ့ရတာ။ အမေတအားပင်ပန်းခဲ့မှာပဲနော်”

သမီးငယ်၏စကားကြောင့် ဒေါ်ကြော့ တစ်ချက်ပြုံးလိုက်သည်။ ထို့နောက် သူ့လက်ကလေးနှစ်ဖက်ကို သမီးနှစ်ယောက်ကိုပြရင်း-

“အမေ့မှာ ချမ်းသာတာဆိုလို့ ဟောဒီလက်နှစ်ဖက်ပဲရှိတာလေ။ ဒီလက်ဖဝါးနှစ်ခုနဲ့ ငါ့သမီးတွေရဲ့ဘဝကို အမေက ဒီထက်မကအောင်မြင်အောင်ဖန်တီးပေးချင်တာပါသမီးတို့ရယ်”

ဘဝအားမာန်အပြည့်ပါသောစကားလုံးများဖြင့် ပြောပြနေသော ကမ္မာပြုလက်များပိုင်ရှင်ဒေါ်ကြော့၏ ကိုယ်လုံးလေးကို သမီးနှစ်ယောက်က တင်းကျပ်စွာထွေးပွေ့ထားလိုက်ကြပါတော့သည်။

## စာပေလမ်း

\- ဟုတ်မှန်ရာ တင်ပြပေး
ဖော်ပြမနှေး ကျင့်ဝတ်ဆောင်၊
မြန်မာပြည် ဂုဏ်မညှိုးအောင်ပ
သယ်ပိုးရအောင်၊
သိက္ခာရှိ မြတ်ကလောင်
စာပေအရောင် ထွန်းစေသား၊
စာကဗျာ တန်ဖိုးမြှင့်လို့
တွေးချင့်စို့လား။

\- ပြည်သူတွေ နှလုံးသား
အမုန်းတရား ကင်းပစေ၊
ညစ်ညမ်းပယ် အမြင်ကောင်း
လမ်းကြောင်းတည့်လေ၊
ပြည်သူ့အတွက် တို့စာပေ
အသိတွေ လက်ကမ်း၊
သွေးထိုးကာ အမှားမရေးနဲ့
လေးစားမှတ်တမ်း။

\- တို့မြန်မာ စာပေလမ်း
တာဝန်ထမ်း ရိုးသားပါ၊
ပြည်သူတွေ အကျိုးပြုစေဖို့
တွေးရှုလေ့လာ၊
အဆိပ်သင့်သော စာကဗျာ
ရှောင်ခွာလို့ ကလောင်သွေး၊
နိုင်ရာဝန် စာပေအလှဖြင့်
စံပြလျှက်ရေး။

\- နိုင်ငံကို မြတ်နိုးအတွေး
လမ်းပြပေး ဖော်ဆောင်ကြ၊
တို့စာပေ စည်းကမ်းများ
လေးစားကြရန်၊
ကလောင်ကောင်း အသိဉာဏ်
ပြုပြင်မှန် မြတ်တန်ဖိုး၊
မြန်မာပြည် အေးချမ်းကောင်းဖို့
စုပေါင်းသယ်ပိုး။ ။

**ဖြိုးထက်(ရေစကြို)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေ့ထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ရေရှည်တည်တံ့ခိုင်မြဲပြီး ထိရောက်သောဖြေရှင်းချက်လိုအပ်လာသည့် ပင်လယ်နီအကျပ်အတည်း

> **❖ ပင်လယ်နီအကျပ်အတည်း၏ မူလဇာစ်မြစ်မှာ ပါလက်စတိုင်း-အစ္စရေးပဋိပက္ခကြောင့်ဖြစ်သည်။ ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးစစ်တပ်၏ စစ်ဆင်ရေးများကြောင့် အရပ်သားအများအပြားသေဆုံးဒဏ်ရာရမှုများနှင့် ပြင်းထန်သောလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများဖြစ်ပေါ်ခဲ့သော်လည်း ၎င်းပဋိပက္ခမှာအဆုံးအဖြတ်မရှိသေးပေ။ ပါလက်စတိုင်း-အစ္စရေးပဋိပက္ခသည် ဟူသီလက်နက်ကိုင်တပ်ဖွဲ့များ၏ ကုန်သည်သင်္ဘောများကို တိုက်ခိုက်ရန် အစပျိုးလာခြင်းဖြစ်သည်။ ❖**

အရှေ့အလယ်ပိုင်းဒေသ၏ ပထဝီနိုင်ငံရေးအခြေအနေသည် အတက်အကျများဖြင့် ရှုပ်ထွေးလာနေသည်ကိုတွေ့ရှိရသည်။ အီရန်နှင့်ဆော်ဒီအာရေဗျတို့၏ သံတမန်ဆက်ဆံရေးပြန်လည်ဖော်ဆောင်မှု၊ ဆော်ဒီနှင့်အစ္စရေးတို့၏ ဆက်ဆံရေးပုံမှန်ဖြစ်ရန် လုပ်ဆောင်မှုနှင့် ဆီးရီးယားကို အာရပ်အဖွဲ့ချုပ်သို့ ပြန်လည်ဝင်ရောက်ခွင့်ပြုခြင်းများသည် ကောင်းမွန်သည့် လက္ခဏာများဖြစ်သည်။ အစ္စရေး-ပါလက်စတိုင်းပဋိပက္ခဖြစ်စဉ်များ၊ ဆက်စပ်ဖြစ်စဉ်များနှင့် အီရန်နိုင်ငံအတွင်းပြင်းထန်သည့် ဗုံးခွဲတိုက်ခိုက်မှုများသည် အပျက်သဘောဆောင်သည့် ဖြစ်စဉ်များဖြစ်လာသည်။

မကြာသေးမီရက်များအတွင်း ပင်လယ်နီအတွင်း တင်းမာမှုအခြေအနေသည် ဆက်လက်မြင့်တက်နေသည်။ အမေရိကန်ရေတပ်က ဟူသီလက်နက်ကိုင်သင်္ဘောသုံးစီးကို နစ်မြုပ်ပြီးနောက် ဗြိတိန်က ဟူသီလက်နက်ကိုင်ပစ်မှတ်များကို လေကြောင်းမှတိုက်ခိုက်ရန် စဉ်းစားနေသည်ဟုပြောကြားခဲ့သည်။ အီရန်ဖျက်သင်္ဘောတစ်စီးသည် ယခုအချိန်တွင် ပင်လယ်နီအတွင်းသို့ ရုတ်တရက်ဝင်ရောက်လာသည်ဟုသတင်းများထွက်ပေါ်လျက်ရှိသည်။ ၎င်းတို့သည် ပင်လယ်နီ၏ အခြေအနေကိုရှုပ်ထွေးစေပြီး သင်္ဘောနှင့်လက်နက်ကိုင်ပဋိပက္ခများဖြစ်နိုင်ခြေကို မြင့်တက်လာစေသည်။ ပါလက်စတိုင်း-အစ္စရေးပဋိပက္ခအသစ်ပြန်လည်ဖြစ်ပွားပြီးနောက် ဟူသီလက်နက်ကိုင်တပ်ဖွဲ့များသည် ပါလက်စတိုင်းကိုပံ့ပိုးကူညီကာ အစ္စရေးနှင့် ဆက်နွယ်နေသည့် သင်္ဘောများကို တိုက်ခိုက်ရန်အတွက် ပင်လယ်နီအနီးတွင် အားသာချက်ကိုရယူခဲ့သည်။ ပင်လယ်နီ၏ အခြေအနေသည် ပါလက်စတိုင်း-အစ္စရေးပဋိပက္ခနှင့်ဆက်စပ်နေပြီး ပဋိပက္ခပျံ့နှံ့မှု၏ အရေးကြီးသော သင်္ကေတတစ်ခုဖြစ်လာသည်။ အမေရိကန်ကရေယာဉ်များကို အစောင့်အကြပ်လိုက်ပါသည့် စစ်ဆင်ရေးများ လုပ်ဆောင်ပြီးနောက် ပင်လယ်နီတွင် လုံခြုံရေးအန္တရာယ်များမြင့်တက်လာခဲ့သည်။

ပထမအချက်မှာ ပင်လယ်နီအကျပ်အတည်းသည် ရေတိုတွင် ဆက်လက်ရှိနေမည်ဖြစ်သည်။ အမေရိကန်စစ်တပ်နှင့် အပြန်အလှန်ပစ်ခတ်မှုအပြီးတွင် ဟူသီများက ပင်လယ်နီရှိကုန်သည်သင်္ဘောများကို တိုက်ခိုက်ခြင်း ရပ်တန့်မည်မဟုတ်ကြောင်းပြောကြားခဲ့သည်။ ဤဖြစ်စဉ်နှင့် အမေရိကန်က ဖွဲ့စည်းထားသောအစောင့်အကြပ်တပ်ပေါင်းစုသည်ဟူသီများကို ဟန့်တားရန်မလုံလောက်ကြောင်းပြသနေပြီး ဟူသီများကို နောက်ထပ်တိုက်ခိုက်မှုများပြုလုပ်ရန်ပင် လှုံ့ဆော်နိုင်ကြောင်း ပြသနေသည်။ ဟူသီများနှင့်တိုက်ရိုက်ပဋိပက္ခဖြစ်ပွားရန် ရည်ရွယ်ချက်မရှိဟု အမေရိကန်က ပြောကြားခဲ့သော်လည်း ပင်လယ်နီအခြေအနေ၏လေးနက်မှုကိုလည်း အသိအမှတ်ပြုခဲ့သည်။ အမေရိကန်သည် ပင်လယ်နီ၏ အခြေအနေနှင့်ပတ်သက်၍ ကြေညာချက်ကိုလက်မှတ်ရေးထိုးရန် ဗြိတိန်နှင့်အခြားသောမဟာမိတ်များနှင့်စေ့စပ်ညှိနှိုင်းခဲ့ပြီး ဟူသီသူပုန်များကို လေကြောင်းမှတိုက်ခိုက်မှုများပြုလုပ်ရန်ပင် ထည့်သွင်းစဉ်းစားခဲ့သည်။

အမေရိကန်သည်စစ်ပွဲကိုချဲ့ထွင်ရန်ရည်ရွယ်ချက်မရှိပေ။ အကြောင်းမှာအင်အားကြီးမားသော ကွာဟချက်ရှိသည့် စစ်ပွဲတွင်ပါဝင်လိုမှုမရှိသကဲ့သို့ စစ်ပွဲအနိုင်ရရန်လည်း မဖြစ်မနေလိုအပ်သည့် အခြေအနေမဟုတ်ပေ။ အမေရိကန်သည် ရွေးကောက်ပွဲနှစ်တွင် ဝင်ရောက်လာခဲ့ပြီး စစ်ပွဲအသစ်တစ်ခု စတင်ခြင်းသည် ဘိုင်ဒင်အစိုးရက လိုချင်သည့်အရာမဟုတ်ပေ။ ဟူသီတို့သည်ဤအားနည်းချက်ကို အခွင့်ကောင်းယူခဲ့သည်။ တစ်ဖက်တွင် ဟူသီလက်နက်ကိုင်တပ်ဖွဲ့များသည် ပါလက်စတိုင်းကိုပံ့ပိုးရန် ကုန်သည်သင်္ဘောများကိုတိုက်ခိုက်လျက်ရှိသည်။

ဒုတိယအချက်မှာ အမေရိကန်၏ အစောင့်လိုက်ပါမှုစစ်ဆင်ရေးများသည် ထိရောက်မှုမရှိခြင်းနှင့် ပြဿနာအရင်းအမြစ်ကို ဖြေရှင်းနိုင်မှုမရှိခြင်းဖြစ်သည်။ သာယာဝပြောရေးစောင့်ရှောက်မှုစစ်ဆင်ရေး (Operation Prosperity Guardian-OPG)ဆောင်ရွက်ရန် နိုင်ငံပေါင်းစုံရေကြောင်းညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခဲ့သည့်တိုင် ဟူသီလက်နက်ကိုင်တပ်ဖွဲ့များသည် အစောင့်အကြပ်များနှင့်ဖြတ်သန်းသွားလာနေသောကုန်သည် သင်္ဘောများကို အန္တရာယ်ပေးနိုင်ဆဲဖြစ်သည်။ အစ္စရေး၊ အမေရိကန်တို့နှင့်မသက်ဆိုင်သည့် ကုန်သည်သင်္ဘောတချို့လည်းထိခိုက်ခဲ့ပြီး နိုင်ငံတကာသင်္ဘောကုမ္ပဏီများ၏ စိုးရိမ်မှုများ တိုးလာခဲ့သည်။ ရလဒ်အနေဖြင့် ကုန်သည်သင်္ဘောများသည် ကွေ့ဝိုက်သွားလာရေးရွေးချယ်မှု ပိုများလာခဲ့သည်။ ၎င်းက အမေရိကန်၏ အစောင့်အကြပ်တပ်ပေါင်းစုဖွဲ့စည်းခြင်းသည် ပြဿနာကိုဖြေရှင်းရန် ပျက်ကွက်ရုံသာမက ဟူသီလက်နက်ကိုင်တပ်ဖွဲ့များနှင့် ပဋိပက္ခဖြစ်နိုင်ခြေကိုလည်း တိုးမြင့်လာစေကြောင်းပြသနေသည်။ အမေရိကန်သည် နိုင်ငံပေါင်း ၄၀ ကျော်၏ အစောင့်အကြပ်မဟာမိတ်အဖွဲ့တွင် ပါဝင်မည်ဟုမျှော်လင့်ထားသော်လည်း တုံ့ပြန်မှုမှာ အလွန်နည်းပါးသည်။

ပင်လယ်နီအကျပ်အတည်း၏ မူလဇာစ်မြစ်မှာ ပါလက်စတိုင်း-အစ္စရေးပဋိပက္ခကြောင့် ဖြစ်သည်။ ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးစစ်တပ်၏ စစ်ဆင်ရေးများကြောင့် အရပ်သားအများအပြားသေဆုံးဒဏ်ရာရမှုများနှင့် ပြင်းထန်သောလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများဖြစ်ပေါ်ခဲ့သော်လည်း ၎င်းပဋိပက္ခမှာအဆုံးအဖြတ်မရှိသေးပေ။ ပါလက်စတိုင်း-အစ္စရေးပဋိပက္ခသည် ဟူသီလက်နက်ကိုင်တပ်ဖွဲ့များ၏ ကုန်သည်သင်္ဘောများကိုတိုက်ခိုက်ရန် အစပျိုးလာခြင်းဖြစ်သည်။ ပင်လယ်နီအကျပ်အတည်း၏ ဆုံးဖြတ်ချက်သည် ပါလက်စတိုင်း-အစ္စရေးအပစ်အခတ်ရပ်စဲရေးအပေါ် မူတည်သည်။ သို့သော်လည်း အမေရိကန်သည် ပင်လယ်နီအကျပ်အတည်းနှင့်ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခကြား ဆက်နွယ်မှုကို တမင်တကာဖုံးကွယ်ထားပြီး ၎င်းတို့နှစ်ခုကို သီးခြားဖြစ်စဉ်များအဖြစ် ဖော်ပြနေသည်။

အမေရိကန်သည် ဟူသီလက်နက်ကိုင်တပ်ဖွဲ့များ၏ တရားမဝင်မှုနှင့်ထိခိုက်နစ်နာမှုများကိုသာ အလေးပေးထားသည်။ အမေရိကန်က ဟူသီလက်နက်ကိုင်တပ်ဖွဲ့များအကြောင်းဆွေးနွေးသည့်အခါတိုင်း အီရန်က ပင်လယ်နီအကျပ်အတည်းကို အရှေ့အလယ်ပိုင်းတွင် ပထဝီဝင်နိုင်ငံရေးပဋိပက္ခများနှင့် အမေရိကန်နှင့်အီရန်ကြား ပဋိပက္ခများ၏ဘောင်အတွင်းနေရာချရန် ကြိုးပမ်းနေခြင်းဖြစ်သည်ဟု ဖော်ပြလေ့ရှိသည်။ ဤအချက်က အီရန်ကိုထောက်ပြပြီး တာဝန်ဝတ္တရားများကိုဖြေရှင်းရန် အမေရိကန်က ၎င်းကိုယ်တိုင်ချမှတ်ထားသည့် ထောင်ချောက်တစ်ခုထက်မပိုပေ။ အမှန်တကယ်တွင် ဟူသီတို့အပေါ် အီရန်က မည်မျှဩဇာလွှမ်းမိုးသည်ဟူသောအချက်ကို မသိရှိရပေ။ ဟူသီလက်နက်ကိုင်တပ်ဖွဲ့များ၏ လက်နက်အများစုကို ပြည်တွင်း၌ ထုတ်လုပ်လျက်ရှိပြီး နိုင်ငံရေးအရဟူသီလက်နက်ကိုင်တပ်ဖွဲ့များသည် အီရန်ထံမှအမိန့်ကို လက်ခံခြင်းမရှိပေ။

ပင်လယ်နီရေလမ်းကြောင်း၏ အရေးပါမှုကြောင့် ပင်လယ်နီအကျပ်အတည်းသည် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးခြိမ်းခြောက်မှုသို့မြင့်တက်လာပြီး နိုင်ငံတကာသင်္ဘောနှင့် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်လုံခြုံရေးအပေါ် ဆိုးရွားစွာသက်ရောက်မှုဖြစ်ပေါ်စေခဲ့သည်။ ၎င်းသည် စွမ်းအင်ဈေးနှုန်းများမြင့်မားခြင်းနှင့် ငွေကြေးဖောင်းပွမှုတို့ကိုဖြစ်ပေါ်စေမည်ဖြစ်သည်။ ထို့ပြင် ၎င်းသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုအပေါ် ကြီးမားသောအပျက်သဘောဆောင်သည့် အကျိုးသက်ရောက်မှု၊ အာရှနှင့် ဥရောပနိုင်ငံများ၏ စီးပွားရေး ပြန်လည်ဦးမော့လာမှုကိုနှောင့်နှေးစေကာ အီဂျစ်နှင့် အခြားသော ပင်လယ်နီသင်္ဘောပို့ဆောင်ရေးဆိုင်ရာသက်ဆိုင်သူများကို ကြီးမားသောဆုံးရှုံးမှုဖြစ်စေမည်ဖြစ်သည်။ လက်ရှိ OPG သည် အကျပ်အတည်းဖြစ်စဉ်၏ မူလဇာစ်မြစ်ကို မဖယ်ရှားနိုင်ကြောင်းသက်သေပြခဲ့သည်။ နိုင်ငံတကာအသိုက်အဝန်းသည်ပိုမိုကျယ်ပြန့်ပြီး ရေရှည်တည်တံ့မှုနှင့် ထိရောက်သောဖြေရှင်းနည်းများကို ရှာဖွေသင့်သည်ကို တွေ့ရှိရသည်။

ပထမဦးစွာ နိုင်ငံတကာအသိုက်အဝန်းသည် ပါလက်စတိုင်းနှင့် အစ္စရေးတို့ကြားကျယ်ပြန့်သည့် အပစ်အခတ်ရပ်စဲရေးကို တတ်နိုင်သမျှ အမြန်ဆုံးမြှင့်တင်သင့်သည်။ ပင်လယ်နီအကျပ်အတည်းသည် ပါလက်စတိုင်း-အစ္စရေးပဋိပက္ခအတွက် ကွင်းဆက်တုံ့ပြန်မှုတစ်ခုဖြစ်သည်။ ၎င်းဖြစ်စဉ်နှစ်ခုက နီးနီးကပ်ကပ်ဆက်စပ်လျက်ရှိပြီး ခွဲ၍မရပေ။ ပင်လယ်နီရေလမ်းကြောင်းတည်ငြိမ်စေလိုပါက ပါလက်စတိုင်းနှင့် အစ္စရေးတို့ကြား အပစ်အခတ်ရပ်စဲရေးသည် ဦးစွာအောင်မြင်ရမည်ဖြစ်သည်။ ပါလက်စတိုင်း-အစ္စရေးပဋိပက္ခသည် ရက်ပေါင်း ၁၀၀ ခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ အစ္စရေး၊ အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံများအနေဖြင့် အစ္စရေးတွင်စစ်အင်အားရှိသော်လည်း ၎င်း၏ ပန်းတိုင်များနှင့်ပတ်သက်သည့် အခြေအခြေကို နားလည်သဘောပေါက်သင့်သည်ဟုဆိုသည်။ ၎င်းသည် အရပ်သားသေဆုံးမှုနှင့် ပိုမိုဆိုးရွားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကိုသာဖြစ်စေသည်။ အစ္စရေးအတွက် အချိန်မီရပ်တန့်ရန်သည် လက်တွေ့အကျဆုံးရွေးချယ်မှုဖြစ်သည်။

ဒုတိယအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ယီမင်ပြဿနာကိုဖြေရှင်းရန်နည်းလမ်းများကို ရှာဖွေသင့်သည်။ ယီမင်ပြဿနာသည်ရှုပ်ထွေးပြီး အခြေခံအားဖြင့် လူမျိုးစုနိုင်ငံတစ်ခု၏ လူမျိုးစုဖွဲ့စည်းပုံဆိုင်ရာပြဿနာဖြစ်သော်လည်း ဖြေရှင်း၍မရနိုင်ပေ။ ယီမင်အိမ်နီးချင်းများ၏ အပြုသဘောဆောင်သောသဘောထား၊ ဆော်ဒီအာရေဗျနှင့်အီရန်တို့ကြား ပြန်လည်သင့်မြတ်ရေး၊ အိုမန်နှင့်အခြားနိုင်ငံများ၏ ဖျန်ဖြေရေးတို့သည် ယီမင်၏အခြေအနေများကို တိုးတက်စေသည့်အကြောင်းရင်းများဖြစ်သည်။ ယီမင်နိုင်ငံသည် ပြင်ပဝင်ရောက်စွက်ဖက်မှုကို ဖယ်ရှားထားပြီးဖြစ်သည်။ စစ်ရေးအရ ထပ်မံဝင်ရောက်စွက်ဖက်ပါက အခြေအနေသည် ပိုမိုရှုပ်ထွေးလာမည်ဖြစ်သည်။ ဤအချက်က အမေရိကန်နှင့် အခြားသက်ဆိုင်ရာနိုင်ငံများအတွက် ရွေးချယ်စရာတစ်ခုမဖြစ်သင့်ပေ။

တတိယအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အရှေ့အလယ်ပိုင်းတွင် လုံခြုံရေးကြီးကြပ်မှုကိုအားကောင်းစေရေးလုပ်ဆောင်သင့်သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး ရေစီးကြောင်းအောက်တွင် အရှေ့အလယ်ပိုင်းရှိ နိုင်ငံရေးအခြေအနေသည် အသွင်သစ်ပြောင်းလဲလာပြီး လုံခြုံရေးပတ်ဝန်းကျင်သည် များစွာတိုးတက်ကောင်းမွန်လာခဲ့သည်။ သို့သော်လည်း ဒေသတွင်းတွင် ကာလရှည်ပဋိပက္ခများအများအပြားရှိနေဆဲဖြစ်ပြီး လုံခြုံရေးအခြေအနေခေတ္တတိုးတက်ကောင်းမွန်လာသောကြောင့် အဆိုပါပြဿနာများကိုလျစ်လျူမရှုနိုင်ပေ။ အရှေ့အလယ်ပိုင်းရှိလုံခြုံရေးပြဿနာများစွာသည် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကြီးကြပ်မှုတွင် ၎င်းတို့၏ အခြေခံများရှိနေသည်။ လုံခြုံရေးကြီးကြပ်မှုနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ပြန်လည်သင့်မြတ်ရေးရေစီးကြောင်းမှ ဖြစ်ပေါ်လာသော အခြေအနေပေးသည့်အခင်းအကျင်းကို မည်ကဲ့သို့အသုံးပြုရမည်ဆိုသည်မှာ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာအသိုက်အဝန်းမှပိုမိုကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သည့်ဦးတည်ချက်ပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ပြင်းထန်လာသော ပင်လယ်နီအကျပ်အတည်းသည် နိုင်ငံတကာအသိုက်အဝန်း၏ ပူးပေါင်းတုံ့ပြန်မှုလိုအပ်သည့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးစိန်ခေါ်မှုတစ်ခုအဖြစ် ပြောင်းလဲလာနေသည်။ လက်ရှိအချိန်တွင် အမေရိကန်နှင့်အနောက်နိုင်ငံများသည် ပင်လယ်နီအကျပ်အတည်းနှင့်ယီမင်ပြဿနာကိုဖြေရှင်းရန်အတွက် စစ်ရေးဆိုင်ရာနည်းလမ်းများကိုအသုံးပြုမည့် ၎င်းတို့၏တွန်းအားပေးမှုကို မီးလောင်ရာလေပင့်ဖြစ်စေခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။ နိုင်ငံတကာပေါင်းစပ်ညှိနှိုင်းမှုကိုအားကောင်းလာစေရန်နှင့်နိုင်ငံရေးအရအဖြေကိုရှာဖွေခြင်းသည် ပင်လယ်နီအကျပ်အတည်းကို ဖြေရှင်းရန် နိုင်ငံတကာ၏ သဘောတူညီမှုဖြစ်လာသင့်သည်။ သို့မှသာလျှင် အရှေ့အလယ်ပိုင်းအတွင်း ပဋိပက္ခကျယ်ပြန့်ကူးစက်လာမည့် အခြေအနေမှ ရှောင်လွှဲနိုင်မည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- **Red Sea crisis needs lasting, effective solution, China Military Online, 2024-01-04**

မောင်ဝေလွှမ်း(သုတေသီ)

# မြောင်းမြခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မျိုးကောင်းမျိုးသန့်စပါး ၃၂၆၄၅၁ ဧက ရိတ်သိမ်းပြီးစီး



**မြောင်းမြ ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး မျိုးကောင်းမျိုးသန့်စပါး ၃၂၆၄၅၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးမျိုးကောင်းမျိုးသန့်စိုက်ကွက် ၃၂၆၄၅၁ ဧကထိ လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါး ၃၂၆၄၅၁ ဧကကို ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ကြောင်း၊ အဆိုပါ မျိုးကောင်းမျိုးသန့် စပါးများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး၊ ပြန်လည်ရိတ်သိမ်းနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

"မိုးစပါးစိုက်ပျိုးရာသီမှာ မြောင်းမြခရိုင်အတွင်း မျိုးကောင်းမျိုးသန့်စပါးစိုက်ကွက် ၃၂၆၄၅၁ ဧကထိ စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ စိုက်ပျိုးခဲ့တဲ့ မျိုးကောင်းမျိုးသန့်စပါးတွေကို ပြန်လည်ရိတ်သိမ်းနေတာ အခု ဧကအားလုံးရိတ်သိမ်းပြီးစီးပါပြီ။ မျိုးကောင်း မျိုးသန့်စပါးတွေ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးသွင်းအားစုတွေနဲ့ နည်းပညာတွေကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်နည်းစနစ်မှန်ကန်ဖို့ အရည်အသွေးကောင်း စပါးတွေ ထုတ်လုပ်နိုင်ဖို့အတွက် နည်းပညာတွေကို ပို့ချဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ရိတ်သိမ်းခဲ့သည့် မျိုးကောင်းမျိုးသန့်စပါး တစ်ဧကလျှင် ၈၇ တင်း ထိ ထွက်ရှိခဲ့ကြောင်း သိရသည်

**ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ် ညောင်လယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်လယ်ကျေးရွာတွင် ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါမိုးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့်စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက ညောင်လယ်ကျေးရွာတွင် ပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၃၇၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၁၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံ ကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစားပြောင်း ၉၁၃၁ ဧက စိုက်ပျိုးပြီးစီး

**ဒီပဲယင်း ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းသီးနှံ ၉၁၃၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းသီးနှံဧက ၇၆၂၄ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၉၁၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ဖူးစားပြောင်းသီးနှံဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော်ထိစိုက်ပျိုးပြီးစီးနေပြီဖြစ်လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။



ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက်လဲ အသိပညာပေးတာတွေလုပ်တယ်။ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်နေတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ စသည့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဧယျာသီရိမြို့နယ် သက်နှင်းအင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် သက်နှင်းအင်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးမှုကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့်တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ သက်နှင်းအင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းစောင့်ရှောက်ကြရန် မှာကြားသည်။

သက်နှင်းအင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မ မြေသားရိုစာခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် Slab Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေကျပ် ၁၆ ဒသမ ၉၅၄၉၈၂ သန်းဖြင့် Asiatic Dragon ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် သက်နှင်းအင်းကျေးရွာရှိ အိမ်ခြေ ၁၆၀၊ လူဦးရေ ၇၁၃ ဦးတို့၏ လယ်ဧက ၁၈၀ ကျော်မှထွက်ရှိသည့် ဒေသထွက်ကုန်များ ကုန်ကျစရိတ်သက်သာစွာဈေးကွက်သို့ ရာသီမရွေး တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးထံမှ သိရသည်။

**နော်လူး**

# လားရှိုးမြို့နယ် ခေးနင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လားရှိုး ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ခေးနင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ခေးနင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားသည်။

လားရှိုးမြို့နယ် ခေးနင်းကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၆၀ စုစုပေါင်း ငွေကျပ်သိန်း ၂၁၀ အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံးရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကြောင့် ခေးနင်းကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူပြီး ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း လားရှိုးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ထိုင်းနိုင်ငံတွင် မီးခိုးမြူများဖြစ်ပေါ်မှုကိုလျှော့ချရေး ရက်ပေါင်း ၉၀ အတွင်း အရေးပေါ်အစီအစဉ်တစ်ရပ်ချမှတ်ရန် အမိန့်ထုတ်ပြန်



**ဗန်ကောက် ဇန်နဝါရီ ၂၀**

ထိုင်းနိုင်ငံတွင် နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသော မီးခိုးမြူများဖြစ်ပေါ်မှုကို လျှော့ချရေး ထိုင်းအမျိုးသားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်ကို ရက်ပေါင်း ၉၀ အတွင်း အရေးပေါ်အစီအစဉ်တစ်ရပ် ချမှတ်နိုင်ရန်အတွက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ တရားရုံးက အမိန့်ထုတ်ပြန်ခဲ့ကြောင်း ဇန်နဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

ထိုင်းနိုင်ငံတွင် တောင်သူများ၏ အမှိုက်များမီးရှို့မှုကြောင့် မီးခိုးများထွက်ပေါ်ခြင်း၊ မော်တော်ယာဉ်များ၏ အိတ်ဇောပိုက်မှထွက်သော မီးခိုးများ ပိုမိုများပြားလာခြင်းတို့ကြောင့် ယခုလအစောပိုင်းမှစတင်၍ လေထုအရည်အသွေးမှာ ကျဆင်းလျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ မြို့တော်ဗန်ကောက်မြို့နှင့် ချင်းမိုင်မြို့တို့သည် ပြီးခဲ့သည့်နှစ်အတွင်းက ကမ္ဘာ့လေထုအညစ်ညမ်းဆုံးမြို့များစာရင်းတွင် ပါဝင်ခဲ့ပြီးနောက် လေထုညစ်ညမ်းမှုကို ဥပဒေတစ်ရပ်ဖြင့် အရေးယူဖြေရှင်းဆောင်ရွက်ရေး တောင်းဆိုမှုများ ရှိခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့အုပ်ချုပ်ရေးတရားရုံးက လေထုညစ်ညမ်းမှုကို ရေတို၊ ရေရှည် နှစ်မျိုးစလုံး ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုတင်ပြရန် ထိုင်းအမျိုးသား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်ကို ဇန်နဝါရီ ၁၉ ရက်တွင် အမိန့်ထုတ်ပြန်ပေးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံမြို့တော်ဗန်ကောက်မြို့သည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းကလည်း ကမ္ဘာ့လေထုအရည်အသွေးအဆိုးဆုံး မြို့များစာရင်းတွင် အဆင့် ၁၀ ၌ ရပ်တည်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : AZH**

# ပိုမြေရီယာတွင် အမှိုက်ကျင်းမီးလောင်ကျွမ်းမှုကြောင့် ပနားမားမြို့အတွင်း လေထုညစ်ညမ်းမှုဖြစ်ပေါ်နေ

**ပနားမားစီးတီး ဇန်နဝါရီ ၂၀**

ပနားမားနိုင်ငံ ပနားမားမြို့အနီးရှိ ပနားမားနိုင်ငံ၏ အကြီးဆုံးဖိုမြေရီယာတွင် အမှိုက်ကျင်းမီးလောင်ကျွမ်းမှုကြောင့် ပနားမားမြို့အတွင်း မီးခိုးငွေ့များပုံးလွှမ်းကာ လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း ပနားမားမြို့ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေထုညစ်ညမ်းမှုမှာ အဆိပ်သင့်အဆင့်သို့ ရောက်ရှိနေသည့်အတွက်ကြောင့် ပနားမားမြို့ခံများကို မလိုအပ်ဘဲ အပြင်သို့သွားလာခြင်းမပြုလုပ်ကြရန်နှင့် နေအိမ်များအတွင်း၌သာ နေထိုင်သွားရန်၊ မဖြစ်မနေ အပြင်သို့လှုပ်ရှားသွားလာရမည်ဆိုပါက Mask များ တပ်ဆင်သွားရန် ပနားမားမြို့ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဖိုမြေကအမှိုက်တွေ မီးလောင်ကျွမ်းမှုကြောင့် ပနားမားမြို့အတွင်း ရောက်ရှိနေတဲ့ မီးခိုးငွေ့တွေဟာ အဆိပ်သင့်ပမာဏ ဖြစ်ပါတယ်။ မီးခိုးငွေ့ပျံ့နှံ့ရောက်ရှိနေတဲ့ဧရိယာမှာနေထိုင်တဲ့ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးသင့်ပါတယ်"ဟု ပနားမားကျန်းမာရေးဝန်ကြီး လူးဝစ်ဖရန်စစ္စကိုက ပြောကြားခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင် အင်အားအများအပြားသုံးကာ မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ပေးနေရပြီး မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် အဆိပ်သင့် လေထုညစ်ညမ်းမှုထဲတွင် မီးငြိမ်းသတ်မှုများ ပြုလုပ်ပေးနေရသည့် အခြေအနေဖြစ်ကြောင်း သိရသည်။

ပနားမားကျန်းမာရေးဝန်ကြီးဌာနကလည်း ပနားမားမြို့အတွင်းမှ မီးခိုးငွေ့များ ရောက်ရှိပျံ့နှံ့နေသည့်ဧရိယာတွင် နေထိုင်သောဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးသင့်ကြောင်း ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၂၀၂၃ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုမှ ကာဗွန် ၁၀၂ မဂ္ဂါတန်ထိ ထွက်ရှိခဲ့

**အော့တဝါ ဇန်နဝါရီ ၂၀**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၂၀၂၃ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုမှ ထွက်ရှိခဲ့သည့် ကာဗွန်ပမာဏမှာ ၁၀၂ မဂ္ဂါတန်ထိ ရှိခဲ့ကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်း၏ Copernicus Atmosphere Monitoring Service(CAMS) က ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

Copernicus Atmosphere Monitoring Service(CAMS) က ဂြိုဟ်တုများမှတစ်ဆင့် ကာဗွန်ထုတ်လွှတ်မှုကို စစ်တမ်းများ ကောက်ယူခဲ့ခြင်းဖြစ်ပြီး ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် တောမီးကြောင့်ထွက်ပေါ်ခဲ့သည့် ကာဗွန်ပမာဏမှာ ကနေဒါနိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်လွှတ်သည့်ကာဗွန်ပမာဏ၏ ၂၁ ရာခိုင်နှုန်းထိရှိနေကြောင်း၊ ကနေဒါနိုင်ငံအနေဖြင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျသည့် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန် လိုအပ်နေဆဲဖြစ်ကြောင်းလည်း CAMS က ထုတ်ပြန်ခဲ့သည်။



"၂၀၂၃ ခုနှစ်အတွင်း ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်မှာ တောမီးလောင်ကျွမ်းမှုတွေ အကြိမ်ကြိမ် ဖြစ်ပေါ်ခဲ့ပါတယ်။ ကျွန်တော်တို့ သုတေသီအဖွဲ့ရဲ့ စစ်တမ်းတွေအရ ၂၀၂၃ ခုနှစ်အတွင်း ဗြိတိသျှကိုလံဘီယာပြည်နယ် တောမီးလောင်ကျွမ်းမှုကနေ ထွက်ပေါ်လာတဲ့ ကာဗွန်ပမာဏက ၁၀၂ မဂ္ဂါတန်ထိ ရှိခဲ့တယ်။ တောမီးလောင်ကျွမ်းမှုကို မထိန်းချုပ်နိုင်သေးသရွေ့ လေထုညစ်ညမ်းမှုလျှော့ချရေးပြဿနာကို ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး"ဟု CAMS မှ အကြီးတန်းသုတေသီ မက်ခ်ပါရင်တန်က ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# အနောက်ဩစတြေးလျပြည်နယ်တွင် တောမီးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထား

**ကင်ဘာရာ ဇန်နဝါရီ ၂၀**

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်လာနိုင်ကြောင်း ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အနောက်ဩစတြေးလျပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းမှုနှင့်ပတ်သက်ပြီး ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနကလည်း အပူချိန်လွန်ကဲမှုအဆင့် သတ်မှတ်ထားကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကြောင့် အနောက်ဩစတြေးလျပြည်နယ်တွင် အပူချိန်မှာ ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း ဩစတြေးလျမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"အနောက်ဩစတြေးလျပြည်နယ်မှာ အပူလှိုင်းဖြတ်သန်းပြီးတော့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ မိုးလေဝသအခြေအနေကတော့ ပူပြင်းခြောက်သွေ့နေတယ်။ အပူချိန်ဟာ ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ အပူချိန်မြင့်တက်မှု အမြင့်ဆုံးအခြေအနေနဲ့ ရင်ဆိုင်နေရတဲ့ဧရိယာတွေကတော့ ပက်သ်မြို့နဲ့ အနီးပတ်ဝန်းကျင်မြို့တွေဖြစ်သလို ပါရာပူဒိုမြို့လဲ ပါဝင်ပါတယ်။ အပူချိန်ပမာဏဟာ ၄၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်"ဟု ဩစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေသော ဧရိယာများမှာ ပက်သ်မြို့အပါအဝင် ပါရာပူဒိုမြို့တို့ဖြစ်ပြီး အပူချိန်မှာ ၄၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိကြောင်း၊ အပူချိန်မြင့်တက်လာရခြင်းမှာ အယ်လ်နီညိုရာသီဥတုကြောင့်ဖြစ်ကြောင်း၊ အယ်လ်နီညိုရာသီဥတုနှင့် ဆက်စပ်နေသည့် တောမီးလောင်ကျွမ်းမှုများ၊ မိုးခေါင်သည့်ပြဿနာများ ဆက်တိုက်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်နေကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ပေါ်တူဂီနိုင်ငံ အယ်ဂါဗီနယ်မြေတွင် မိုးခေါင်ရေရှားမှုကြောင့် ရေပေးဝေမှုကို ကန့်သတ်သွားမည်

**လစ္စဘွန်း ဇန်နဝါရီ ၂၀**

ပေါ်တူဂီနိုင်ငံ အယ်ဂါဗီနယ်မြေတွင် မိုးခေါင်ရေရှားပါးသည့်ပြဿနာဖြင့် ရင်ဆိုင်နေရပြီး သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရေးအတွက် ရေပေးဝေမှုကို ကန့်သတ်သွားမည်ဖြစ်ကြောင်း ပေါ်တူဂီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

စိုက်ပျိုးရေးကဏ္ဍအပြင် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင်လည်း သောက်သုံးရေပေးဝေမှုကို အကန့်အသတ်ဖြင့်သာ ပေးဝေသွားမည်ဖြစ်ကြောင်း၊ အယ်ဂါဗီနယ်မြေရှိ ရေလှောင်တမံများ၌ ရေပမာဏသိသိသာသာ ကျဆင်းနေပြီး ရေခန်းခြောက်သွားသည့်အဆင့်ထိ မရောက်ရှိစေရေးအတွက် သောက်သုံးရေပေးဝေမှုကို ကန့်သတ်ထိန်းချုပ်သွားရန် စီစဉ်လာခြင်းလည်း ဖြစ်ကြောင်း သိရသည်။

"အယ်ဂါဗီနယ်မြေမှာရှိတဲ့ ရေလှောင်တမံတွေဟာ သက်တမ်းတစ်လျှောက် ရေပမာဏအနိမ့်ဆုံး ကျဆင်းတဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ မိုးခေါင်ရေရှားတဲ့ပြဿနာနဲ့ ကာလရှည်ရင်ဆိုင်ခဲ့ရသလို ၂၀၂၃ ခုနှစ်အတွင်း ရာသီဥတုလွန်ကဲမှုတွေကြောင့် မြေအောက်ရေအရင်းအမြစ်တွေလဲ ယိုယွင်းပျက်စီးလာတယ်။ အယ်ဂါဗီနယ်မြေက ပြည်သူတွေ သောက်သုံးရေပြတ်လပ်မှုမရှိစေဖို့အတွက် စိုက်ပျိုးရေးကဏ္ဍ၊ ဟိုတယ်နဲ့ ခရီးသွားလာရေးကဏ္ဍတွေမှာ သောက်သုံးရေပေးဝေတာကို ကန့်သတ်သွားမှာဖြစ်ပါတယ်။ ဒီလိုကန့်သတ်မှုတွေ မလုပ်ဘူးဆိုရင် ဒီနှစ်ကုန်ပိုင်းမှာ အယ်ဂါဗီနယ်မြေခံတွေ သောက်သုံးရေပြတ်လပ်မှုနဲ့ ရင်ဆိုင်သွားရနိုင်ပါတယ်"ဟု ပေါ်တူဂီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒူအာတီက ပြောကြားခဲ့သည်။

ယခုနှစ် စိုက်ပျိုးရေးကဏ္ဍအတွက် ရေပေးဝေသွားမည့်ပမာဏမှာ ၂၀၂၃ ခုနှစ်အတွင်း ပေးဝေခဲ့သောပမာဏထက် ၂၅ ရာခိုင်နှုန်း လျှော့နည်းမည်ဖြစ်ပြီး လိုအပ်လာပါက ၂၀၂၃ ခုနှစ်က ပေးဝေခဲ့သော ရေပမာဏ၏ ၅၀ ရာခိုင်နှုန်းထိ လျှော့ချသွားမည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများအတွက် ရေပေးဝေမှုကို ၂၀၂၃ ခုနှစ်က ပေးဝေခဲ့သည့်ပမာဏထက် ၁၅ ရာခိုင်နှုန်းထိ လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**

**သာယာလှပ စိမ်းမြမြ**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ဘကြီးဖြိုးပေးသော သင်ခန်းစာ

မင်္ဂလာပါကလေးတို့ရေ

ဒီတစ်ခေါက်ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ "ဘကြီးဖြိုးပေးသော သင်ခန်းစာ"ဆိုတဲ့ ပုံပြင်လေးပဲ ဖြစ်ပါတယ်ကွယ်။

ပုံပြင်လေးကတော့ဒီလိုကွဲ့။ တစ်ခါတုန်းက ပေါ့ကွယ်။ မထိ(စံပြ)ဆိုတဲ့ရွာလေးတစ်ရွာမှာ ဘကြီးဖြိုးနဲ့အတူ မောင်ဝိုင်းချစ်တို့အတူတကွနေထိုင်ကြသတဲ့ကွယ်။ မောင်ဝိုင်းချစ်ရဲ့မိဘနှစ်ပါးစလုံးဟာ ရှေ့ဆင့်နောက်ဆင့်ဆုံးပါးသွားကြသတဲ့။ အဲဒါကြောင့် ဝိုင်းချစ်လေးဟာ ဘကြီးဖြိုးနဲ့ အတူနေထိုင်ရပြီး ကြီးပြင်းလာသတဲ့ကွယ်။

မောင်ဝိုင်းချစ်လေးကို သူ့မိဘတွေမရှိတော့တဲ့ နောက်ပိုင်းမှာ ဘကြီးဖြိုးကပဲ အစစအရာရာ လိုလေးသေးမရှိရလေအောင် ပြုစုပျိုးထောင်လာခဲ့သတဲ့။ တော်တော်လဲအလိုလိုက်သတဲ့ကွယ်။ ဝိုင်းချစ်လေးက ဘာလေးလိုချင်လို့ပါလို့ ပြောလိုက်မိတာနဲ့ ဘကြီးဖြိုးဟာ ချက်ချင်းပဲ မောင်ဝိုင်းချစ်လေးရဲ့လိုအင်မှန်သမျှတွေကိုဖြည့်ဆည်းပေးခဲ့သတဲ့။

လိုအင်ဆန္ဒတွေ အမြဲပြည့်ဝနေတဲ့ဝိုင်းချစ်လေးဟာ ဘဝမှာ အစစအရာရာအဆင်ပြေနေတာပေါ့ကွယ်။ ဒီလိုနဲ့ ဘာကိုမှစိတ်ဝင်စားမှုမရှိတော့ဘဲ ဘဝကိုပေါ့ပေါ့ပါးပါးဖြတ်သန်းပြီး ကြီးပြင်းလာသတဲ့။ ဘကြီးဖြိုးက သူ့ရှေ့မှာ အလုပ်တွေကို ပင်ပင်ပန်းပန်းလုပ်နေပေမဲ့ ကူညီရကောင်းမှန်းမသိဘူးကွယ်။ ဘကြီးဖြိုးလုပ်နေတဲ့အလုပ်တွေဟာ သူနဲ့မသက်ဆိုင်ဘူးလို့ စိတ်ထဲမှာ စွဲမြဲနေပါတော့သတဲ့။ ဘကြီးဖြိုးက မဖြစ်သာလို့ သူ့ကိုအကူအညီတောင်းဖို့ခေါ်လိုက်ရင်လဲ မကြိုက်တော့ဘူးတဲ့ကွယ်။

"သားလေးရေ ဘကြီးကို ဒီထင်းလေးတွေ ကူသယ်ပေးပါအုံး"

ဘကြီးဖြိုးခိုင်းတဲ့အလုပ်ကို မလုပ်ဘူးလို့ ဘယ်တော့မှမငြင်းခဲ့ပေမဲ့ အလုပ်တစ်ခုလုပ်တဲ့အခါ စိတ်မပါလက်မပါနဲ့ လေးလေးကန်ကန်လုပ်တာကြောင့် ဘကြီးဖြိုးက စိတ်မရှည်တော့ဘဲ နောက်ဆုံးတော့ မခိုင်းတော့ဘူးတဲ့ကွယ်။ မခိုင်းပါများတော့ မောင်ဝိုင်းချစ်ဟာ အပျင်းထူပြီး နောက်ဆုံး ဖျင်းတဲ့ထိ ရောက်ရှိလာတော့သတဲ့ကွယ်။




ဒီလိုနဲ့ မောင်ဝိုင်းချစ်လေး တဖြည်းဖြည်းကြီးပြင်းလာပြီး အသက် ၉ နှစ်သားအရွယ်ထိ ရောက်ရှိလာခဲ့ပေမဲ့ မောင်ဝိုင်းချစ်လေးဟာ ဘကြီးဖြိုးအတွက် ဘာအကူအညီမှမရသေးသလို မောင်ဝိုင်းချစ်လေးကလဲ ဘကြီးဖြိုးအပေါ် အလိုက်သိသိနဲ့ဘာတစ်ခုမှ ကူမလုပ်ဖူးသေးဘူးတဲ့ကွယ်။ ဒါကြောင့် ဘကြီးဖြိုးက ဝိုင်းချစ်လေးအတွက် နောင်ရေးမလှမှာကြောက်ပြီး သူ့အသက်အရွယ်နဲ့လိုက်အောင် အလုပ်တွေခိုင်းပေးသတဲ့။ ရည်ရွယ်ချက်ကတော့ ရုတ်တရက် သူသေဆုံးသွားခဲ့ရင် မလုပ်တတ်၊ မကိုင်တတ် ဖြစ်မှာစိုးလို့တဲ့ကွယ်။ အပျင်းထူတဲ့ဝိုင်းချစ်လေးဟာ ဘကြီးဖြိုးခိုင်းတာတွေကို ဘာတစ်ခုမှ မလုပ်ပေးဘူးတဲ့ကွယ်။

ဒီလိုဆိုမဖြစ်တော့ဘူးလို့တွေးပြီး ဘကြီးဖြိုးက မောင်ဝိုင်းချစ်လေးကိုအနားခေါ်ကာ ဒီလိုမေးလိုက်သတဲ့-

"မြေးလေးရေ ဘကြီးဆီလာပါအုံး။ ငါ့မြေးလေးက ဘာခိုင်းခိုင်းမလုပ်ချင်ဘူးဆိုတော့ ငါ့မြေးလေးက နေထိုင်မှုလူ့ဘဝမှာ ဘယ်လိုဖြတ်သန်းသွားဖို့စဉ်းစားနေတာတုံး" လို့မေးလိုက်တော့သတဲ့။

ဝိုင်းချစ်လေးက ဘကြီးဖြိုးမေးတာကို ခဏအကြာစဉ်းစားပြီး ဒီလိုလေးပြန်ဖြေလိုက်သတဲ့-

"သားသားကလေ ဘာအလုပ်မှမလုပ်ဘဲ အိပ်လိုက်၊ စားလိုက်နဲ့ နေချင်တာဘာဘာရဲ့"လို့ ပြန်ဖြေလိုက်သတဲ့။ ဘကြီးဖြိုးက တစ်ချက်ပြုံးလိုက်ပြီး ဝိုင်းချစ်လေးရဲ့စကားကို သေသေချာချာ ပြန်မှတ်သားခိုင်းလိုက်သတဲ့။

နောက်တစ်နေ့မိုးလင်းတော့ ဝိုင်းချစ်လေးဟာ အထူးအဆန်းတွေဖြစ်နေတာပေါ့ကွယ်။ ဘာကြောင့်လဲဆိုတော့ သူ့အိပ်ခန်းနဲ့အိမ်သာကို တစ်ဆက်တည်းလမ်းဖောက်ထားပြီး ဘေးပတ်ပတ်လည်တွေကို ဘာမှမမြင်ရလေအောင် ထရံတွေနဲ့ အလုံပိတ်ကာထားတာကို တွေ့လိုက်ရတာကြောင့်ပေါ့ကွယ်။ ဝိုင်းချစ်လေးဟာ ဘာမှနားမလည်ပေမဲ့ အချိန်တန်တော့ ထမင်းစားရတာကြောင့် အသာလေးငြိမ်နေသတဲ့ကွယ်။ သုံးပတ်လောက်အကြာမှာတော့ ဝိုင်းချစ်လေးဟာ စားလိုက်၊ အိပ်လိုက်နဲ့လုပ်နေရတာကို သဘောမတွေ့တော့ဘဲ ငြီးငွေ့လာတော့သတဲ့။ အပြင်လောကအကြောင်းကိုလဲ မမြင်ရ၊ မတွေ့ရတော့တာကြောင့် စားလိုက်၊ အိပ်လိုက်ဘဝကြီးကို သူမကြိုက်တော့ဘူးတဲ့ကွယ်။ ဒီအခါမှာတော့ သူ့ဘကြီးဟာ သူ့အတွက် သင်ခန်းစာပေးလိုက်တာပဲဆိုတာကို ကောင်းကောင်းနားလည်သွားပါတော့သတဲ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

ဒီပုံပြင်လေးကို ဖတ်တဲ့အနေနဲ့ ကလေးတို့အားလုံးလဲ "ဘကြီးဖြိုးပေးသောသင်ခန်းစာ" ပုံပြင်ထဲက မောင်ဝိုင်းချစ်ဆိုတဲ့လူငယ်လေးလို လူဆိုတာ ဘယ်သောအခါမှ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား မလုပ်ရသလို ကိုယ်နိုင်တဲ့ဝန်ကို ကိုယ်ထမ်းဆောင်တတ်ကြပါစေ။ ဒါမှ လူတော်၊ လူကောင်းလေးတွေဖြစ်ကြပြီး လိမ္မာတဲ့ကလေးတွေဖြစ်ကြမှာပါ။ ကလေးတို့အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကွယ်။

**ရျာန်လေး(ပညာရေး)**

# တို့ရွာတီးဝိုင်း

♦ ရှေ့အိုးစည် ရှေ့အိုးစည်
ဗေထုံတီးလို့မြည်။

♦ တီတီတာတာ နဲ့ကလေး
ကြားသူ ဘဝင်အေး။

♦ လင်းကွင်းသံလေး ခပ်စွာစွာ
ဝါးလက်ခုပ်လည်းပါ။

♦ ဒိုးသံမာမာ ဦးဆောင်တီး
ဦးရှေ့ရိုးက ရှုမငြီး။
ရပ်ကျော်ရွာကျော် မြည်လို့ဟည်း။ ။

**ချမ်းငြိမ်းဝင်း(မိုးညှင်း)**





# ဆွမ်းလောင်းလှူစို့

♦ ဘုန်းဘုန်းဘုရား ကြွလို့လာ
သမီးကလေး လိုက်ခဲ့ပါ၊
စားဦးစားဖျား ဟင်းလျာများ
လောင်းလှူဖို့ရာ ချက်လို့ထား။

♦ ပန်းသစ်တော်နဲ့ ရွှေလိမ္မော်
နာနတ်သီးလည်း ယူခဲ့နော်၊
ဖေဖေဈေးက ဝယ်ခဲ့တဲ့
ပန်းသီးလေးလည်း မမေ့နဲ့။

♦ မေမေချက်တဲ့ ကြက်ဆီပြန်
ဆွမ်းချိုင့်အပြည့် လှူဒါန်းရန်၊
ကုသိုလ်ရရန် အစဉ်တွေး
ဘာသာရေးမို့ လက်မနှေး
နံနက်ခင်းတိုင်း လှူဒါန်းပေး။

**လင်းလက်**



# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ**(အပျို)**ဖြစ်ရမည်။

(ခ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက်မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ်အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်အထိလည်းကောင်း လျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်းတက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်းထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၁၈ ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအတိုင်း အရသာထူး မိတ်ဆွေကြည်နူး ....

ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နှောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) ရှင် BEST Practices Award ရရှိသည့် ရွှေဖီဦး




ISO 9001:2008 Cert. No.688076
Cert. No.688429

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြု၍ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


## သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ကျန်းမာရေးကောင်းမွန်သူများ ဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်စေရ။

(ဂ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။

(ဃ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(င) တူရိယာပစ္စည်းတစ်မျိုးမျိုးတီးခတ်နိုင်သူ (သို့မဟုတ်) အသံကောင်းမွန်သူ (သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုး တတ်ကျွမ်းသူဖြစ်ရမည်။

၂။ အလုပ်လျှောက်လွှာများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ သို့ဆက်သွယ်၍ဖြစ်စေ အခမဲ့ထုတ်ယူနိုင်ပါသည်။

၃။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့** နောက်ဆုံးထား၍ ပေးပို့ရမည်။

၄။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့**များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက အမှတ်(၁)တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ မှိုင်းပန်-အထက(ခွဲ)ကျောင်းမှ Grade-12 တွင် ပညာသင်ကြားနေသော မသက်နှင်းစံ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်စိုးဦး ဖြစ်ပါကြောင်း။

ဦးကျော်စိုးဦး(၉/တတဥ (နိုင်)၀၂၅၅၁၃)


သင့်သေးဖြင့် အသက်ကယ်ပါ


## ဘဒ္ဒန္တ နန္ဒိသေန (မြို့နယ်ဩဝါဒါစရိယ)မဟာထေရ်မြတ် သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၇)ရပ်ကွက်၊ ပုညကာရီခဲလယ်စာသင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ဘုရားကြီး သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါရှိ

**ဘဒ္ဒန္တ နန္ဒိသေန (မြို့နယ်ဩဝါဒါစရိယ) မဟာထေရ်မြတ်**

သည် ကောဇာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း (၈)ရက်၊ (၁၈-၁-၂၀၂၄)ရက်၊ ကြာသပတေးနေ့ နံနက် (၁း၄၅)မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ကောဇာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း (၁၂)ရက်၊ (၂၂-၁-၂၀၂၄)ရက်၊ တနင်္လာနေ့ မွန်းလွဲ(၁)နာရီအချိန်တွင် ပြင်ဦးလွင်မြို့၊ (၈)မိုင်သုသာန်သို့ပင့်ဆောင်ကာ "အန္တိမအဂ္ဂိစျာပနသဘင်" ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်သာဝက ဒါယကာ၊ ဒါယိကာမများ ကြွရောက်လျက် အတူတကွ တရားနာကုသိုလ်ယူနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီနှင့် ဆရာတော်ကြီးတပည့်သာဝကဒါယကာ၊ဒါယိကာမများ**

## ဝန်ထမ်းအလိုရှိသည်

(1) Sales (Female) → 2 Posts

(2) Accounting (Female) → 1 Posts

လစာ → 200,000 မှ 350,000

*** အလုပ်လျှောက်ရန် ဆက်သွယ်မေးမြန်းလိုပါက ***

ဆက်သွယ်ရန်- Viber 09-962815968

Address - လမ်း 60 × 110

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ Leading Asia Myanmar International School Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးချစ်ဇော် (၉/မကန(နိုင်)၁၁၄၂၅၆)၏သား မောင်ကောင်းပြည့်ချစ်ဇော် နှင့် မောင်ဘီးဘီးမို သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ကောင်းပြည့်ချစ်ဇော်(ခ)မောင်ဘီးဘီးမို**

## ဝန်ထမ်းအလိုရှိသည်

*** အလုပ်ကြမ်းဝန်ထမ်း** ကျား (၅)ဦး

*** စာရင်းကိုင်** မ (၂)ဦး

- အခြေခံလစာ ၂၄၀၀၀၀/-
- မှတ်ချက်။ ။ နေစရာမပေးပါ
- မန္တလေးမြို့ နာရီစင်အနီး
- ဆက်သွယ်ရန် ၀၉-၈၉၃၀၃၀၃၈၁
(ရုံးချိန်အတွင်းဆက်သွယ်ရန်)


စာပေမြင့်မှ လူမျိုးတင့်မည်

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်


## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ Leading Asia Myanmar International School Grade-2 တွင် ပညာသင်ကြားနေသော (ဘ) ဦးချစ်ဇော် (၉/မကန(နိုင်)၁၁၄၂၅၆)၏သား မောင်ခွန်းပြည့်ချစ်ဇော် နှင့် မောင်လူးလူးဖါ့ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ခွန်းပြည့်ချစ်ဇော်(ခ)မောင်လူးလူးဖါ့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
- (ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
- (က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
- (ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
- (က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
- (ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
- (ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွကုန်း)စက်ရုံအစည်းအဝေးခန်းမ၌ လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊အဖွဲ့ဝင်များက အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့်တာဝန်ရှိသူများ၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**


ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်




ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com